မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် ( ၂၁၄)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် မေ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တစ်ပါတည်း သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးမှု ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၅**

၂၀၂၅ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီးသတ်ဝန်ထမ်းဟောင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆



မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းစွမ်းရည်ပြသစဉ်။



## ဗဟုဝင်ရိုးကမ္ဘာ၏ စိန်ခေါ်မှုများကို ပြည်တွင်းအင်အား အခိုင်အမာတည်ဆောက်ရင်ဆိုင်

ကမ္ဘာကြီးကို အင်အားကြီးနိုင်ငံတစ်နိုင်ငံနှင့် ၎င်း၏ နောက်လိုက်အုပ်စုတစ်စုတို့က လွှမ်းမိုးခြယ်လှယ် ကြိုးကိုင်ခဲ့ကြသည့် ဧကဝင်ရိုးကမ္ဘာ အစီအစဉ် နိဂုံးချုပ်သွားခဲ့ပြီး ၎င်း၏နေရာတွင် ဗဟုဝင်ရိုးကမ္ဘာ အစီအစဉ် အစားထိုးဝင်ရောက်လာခဲ့ပြီဟု ဆိုကြသည်။ သို့ရာတွင် ဤအဆိုကို ပါဝါဟောင်းတို့က လက်မခံချင်။ ကမ္ဘာကြီးတစ်ခုလုံးကို ၎င်းတို့၏ အိုင်ဒီယာဖြင့် ဖွတ်ပုံစံသွင်းလိုကြသည့် နိုင်ငံတို့က လက်ရုံးတပြင်ပြင် ဖြစ်လာသည်။

ဗဟုဝင်ရိုးကမ္ဘာ အစီအစဉ်သစ်တွင် ကမ္ဘာ့အချက်အချာသည် အာရှပစိဖိတ်ရပ်ဝန်းဆီသို့ ရွေ့လျားလာခဲ့ရာ အာရှ၏ အဓိကကျသည့် နေရာများတွင် မတည်မငြိမ်ဖြစ်စေရန်၊ အာရှအင်အားကြီးတို့ကို ဝိုင်းပတ်နိုင်ရန်၊ ထိန်းချုပ်နိုင်ရန် လက်ရှိအချိန်အထိ ကမ္ဘာ့အင်အားကြီးနိုင်ငံ ဦးဆောင်သည့် ပါဝါဟောင်းတို့က ကြိုးပမ်းလာသည့် အရိပ်လက္ခဏာများကို တွေ့မြင်လာရသည်။ ကမ္ဘာကို ခြယ်လှယ်နိုင်ခဲ့သည့် အရိုက်အရာမှ ရွေ့လျောရတော့မည့် အင်အားစုတို့၏ ရုန်းကန်တုံ့ပြန်မှုများက နိုင်ငံငယ်များအဖို့ ကိုယ်ခံအားကောင်းကောင်းဖြင့်သာ ရင်ဆိုင်ကြရမည့် အနေအထားဖြစ်သည်။ အထူးသဖြင့် ပထဝီနိုင်ငံရေးအရ အရေးပါသော အချက်အချာကျသော နေရာတွင်ရှိနေသည့် မိမိတို့နိုင်ငံအနေဖြင့် အချိန်နှင့်အမျှ သတိကြီးကြီး ထားကြဖို့ပင်ဖြစ်သည်။

မကြာသေးမီကာလအတွင်း မိမိတို့နိုင်ငံ၏ အနောက်ဘက်နယ်နိမိတ်များနှင့် ဆက်စပ်နေသည့် ပိုင်နက်နယ်မြေများကို အနောက်ဘက်အိမ်နီးချင်း နိုင်ငံနှစ်ခုမှ နိုင်ငံရေးသမားအချို့က နှုတ်အားဖြင့် ကျူးကျော်စော်ကားမှုများ ပြုလုပ်ခဲ့ကြသည်။ မြန်မာ့ပိုင်နက်နယ်မြေများကို ဖဲ့ထုတ်ရန်ဟူသော အနက်အဓိပ္ပာယ်ဖြင့် ၎င်းတို့၏ပြောကြားချက်များနောက်ကွယ်တွင် ဇာတ်ညွှန်းရေးသူရှိနေသည်ဟူ၍ ယူဆစရာရှိသည်။ ဇာတ်ညွှန်းဆရာ၏ မဟာဗျူဟာ ရည်မှန်းချက်မှာ ဗဟုဝင်ရိုးကမ္ဘာ၏ အင်အားသစ်တို့ကို အနှောင့်အယှက်၊ အဟန့်အတား ပြုရန်ပင်ဖြစ်သည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး တောင်အာရှနှင့် အရှေ့တောင်အာရှတို့ကြားတွင် ပေါင်းကူးသဖွယ် တည်ရှိနေခြင်း၊ အိန္ဒိယသမုဒ္ဒရာ၊ ဘင်္ဂလားပင်လယ်အော်တို့နှင့် ဆက်စပ်နေပြီး ကမ္ဘာ့ကုန်သွယ်ရေးတွင် အရေးပါသော ရေလမ်းကြောင်းကို ထိန်းချုပ်နိုင်သည့်နေရာ၌ တည်ရှိနေခြင်း စသည့်မြန်မာနိုင်ငံ၏ ပထဝီအနေအထားက မြန်မာနိုင်ငံအဖို့ စိန်ခေါ်မှုဖြစ်သလို အခွင့်အရေးလည်း ဖြစ်နေသည်။

ဗဟုဝင်ရိုးကမ္ဘာသို့ အပြောင်းအလဲသည် မြန်မာနိုင်ငံကဲ့သို့ အဘက်ဘက်မှ အားနည်းသည့် နိုင်ငံငယ်များအတွက် အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဟု မျှော်လင့်ရသည်။ တစ်ဖက်တွင်လည်း ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား အားပြိုင်မှုနှင့် ပွတ်တိုက်မှုများက မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားတို့ကို ထိပါးလာဖွယ်ရှိသည်။ ကမ္ဘာ့အခြေအနေအမျိုးမျိုးတို့ကို ရင်ဆိုင်နိုင်ရေးနှင့် နိုင်ငံတည်တံ့ခိုင်မြဲရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးကြီးသည့်အချက်မှာ ပြည်တွင်းစည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးစားတည်ဆောက်ခဲ့သော်လည်း ပြည်တွင်းရေး အခြေအနေများထက် ပြည်ပက အားပေးလှုံ့ဆော် ပါဝင်စွက်ဖက်မှုများကြောင့် လက်နက်ကိုင် ပဋိပက္ခများသည် မငြိမ်းနိုင်သည့် မီးတောက်များကဲ့သို့ ယခုတိုင် တောက်လောင်နေဆဲဖြစ်ရာ ကမ္ဘာ့အစီအစဉ်ကြီးတစ်ရပ်လုံး အပြောင်းအလဲကာလတွင် လက်နက်ကိုင်ပဋိပက္ခမီးများ ငြိမ်းသေအေးချမ်းသွားစေရန် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်သွားနိုင်သည့် အရင်းအမြစ်များ ပိုင်ဆိုင်ထားသကဲ့သို့ အခွင့်အလမ်းများလည်း ရှိနေသည်။ မိမိတို့အားလုံးသည် မြန်မာများဖြစ်ကြသည်ဟူသော စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ခိုင်မာသည့် အင်အားကို တည်ဆောက်ကာ ဗဟုဝင်ရိုးကမ္ဘာတွင် ရပ်တည်သွားကြရပါမည့်အကြောင်း။ ။



## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော်  မေ ၅

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပအိုဝ်းအမျိုးသား ညီညွတ်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၂၅ ပါတီရှိပြီး၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၇၅ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆ - ၅ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၈၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၈၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

မှတ်ချက်။

(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

### ၅ - ၅ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆၈၀၀ | ၆၈၀၀ | ၁၃၇၇ | ၉၃၆၃၆၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၇၁ | ၂၂၀၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀ | ၁၇၅၀ | ၄၀၄ | ၇၀၈၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၇၅၀ | ၂၁၇၅၀၀၀ |
| EFR | ၁၅၀၀ | ၁၅၀၀ | ၅၅ | ၈၂၅၀၀ |
| AMATA | ၃၈၅၀ | ၃၉၀၀ | ၆၀၃ | ၂၃၂၁၇၀၀ |
| MAEX | ၃၀၅၀ | ၃၀၅၀ | ၁၅၃၂ | ၄၆၇၂၆၀၀ |
| MADPL (PLB) | ၃၃၀၀ | ၃၃၀၀ | ၃၀ | ၉၉၀၀၀ |


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

◆ *ရွှေဖုံးမှ*

အခမ်းအနားတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့် တွင် အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးသွားသူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သပြီး (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်းတင် ဗီဒီယိုအား ပြသသည်။

**ဂုဏ်ပြုပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် "မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် အချက်များအား နားလည်သဘောပေါက်အောင် အသိပညာပေး စည်းရုံးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတပ်ဖွဲ့၏ ရပ်တည်ချက်များ၊ ရည်မှန်းချက်တာဝန်များနှင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအား ကောင်းမွန်စွာ သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထူးလိုအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် ဒေသများတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ ၆၅၃ဦးနှင့် သေဆုံးသူ ၇၈၉ ဦးတို့အား ရှာဖွေကယ်ဆယ်ထုတ်ယူနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှ မီးသတ်ဦးစီးဌာနအပေါ် လေးစားချီးကျူးရသည်အထိ



နိုင်ငံတကာအဆင့်မီ စွမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ဖြေရှင်းရန် လက်ရှိအခြေအနေနှင့် နောင်အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော စိန်ခေါ်မှုများကို မျှော်မှန်းပြီး မီးသတ်တပ်ဖွဲ့အနေဖြင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Man Power၊ Equipment Power နှင့် Technological Power တို့ကို ဟန်ချက်ညီညီ တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များအား ရင်ဆိုင်နိုင်ရေးအတွက် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းပညာများ အသုံးပြုဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search and Rescue Team)များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ပြီး အသင့်ပြင်ဆင် ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း" ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်သူလူထု မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး သီချင်းဖြစ်သည့် 'မီးသတိပြု'သီချင်းအား သီဆိုခဲ့သူ အဆိုတော် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အသက် ၉၀ နှင့်အထက် သန္နေ/ အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦး၊ ရဲသူရတံဆိပ်ရရှိသူ သန္နေတပ်ဖွဲ့ဝင် နှစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရဲဗလတံဆိပ်ရရှိသူ နှစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၌ စံပြဆုရရှိသူ တစ်ဦး၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲတွင် အဖွဲ့လိုက်ဆုရရှိသူများနှင့် လူမှုထူးချွန်(ပထမအဆင့်)ရရှိသူတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

**စွမ်းရည်သရုပ်ပြ ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မီးသတ်စွမ်းရည် သရုပ်ပြခြင်းအစီအစဉ်များအား ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး၊ မီးသတ်ပစ္စည်းကိရိယာ ပြခန်းနှင့် လေ့ကျင့်ရေးကွင်းအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းနှင့် ခေတ်မီ မီးသတ်ယာဉ်/ စက်၊ ပစ္စည်းကိရိယာများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာအား လိုက်လံကြည့်ရှုကြသည်။(ဝဲပုံ)

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

သမိုင်းကြောင်းအရ ၁၉၄၆ ခုနှစ် မေ ၅ ရက် တနင်္ဂနွေနေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ ၁၉ ခရိုင်မှ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်အစည်းအရုံးခွဲများမှ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ ကိုယ်စားလှယ် ၁၉၇ဦးအား စုစည်းပြီး ပထမဆုံးအကြိမ် "ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံကြီး"ကို ရန်ကုန်မြို့ ကန်တော်လေးတွင် ကျင်းပပြုလုပ်ခဲ့ရာ ထိုညီလာခံသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တက်ရောက် မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ ထိုနေ့ကို အစွဲပြုကာ နှစ်စဉ်မီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်း၊ ခေတ်အဆက်ဆက် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တို့တွင် အစဉ်တစိုက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ယနေ့ ကျင်းပပြုလုပ်သည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မီးသတ်ဦးစီးဌာန၊ မီဒီယာအဖွဲ့**


မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day

လူသားချင်းစာနာထောက်ထားမှု ကိုယ်စားပြုခြင်း
On the side of HUMANITY

၂၀၂၅ခုနှစ်၊ မေလ(၈)ရက်


## ၅ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၇၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**ရန်ကုန် မေ ၅**

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ငလျင်သမိုင်းကြောင်းနှင့် မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုမှတ်တမ်း ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အချိန်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား လုပ်ဆောင်နေသည့်အချိန်ဖြစ်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအား စိတ်ခွန်အားပေးနိုင်ရန် အနုပညာရှင်များအနေဖြင့် ကြိုးပမ်းပေးရမည်ဖြစ်ကြောင်း၊ နောင်တွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရမည်ဟု နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားသည့်အတွက် ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် အဖြစ်ဆိုးများ နောင်တွင် မကြုံတွေ့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အနုပညာရှင်များအနေဖြင့် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါတိုင်း မိမိတို့တတ်ကျွမ်းသည့် အနုပညာစွမ်းအားဖြင့် ရန်ပုံငွေရှာဖွေ ပါဝင်ကူညီခဲ့ကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် မည်သို့ပင်အခက်အခဲများ ကြုံတွေ့ရသည်ဖြစ်စေ အနုပညာရှင်များက ပြည်သူများအား အနုပညာဖြင့် ဖမ်းစားနိုင်သည့်အတွက် ပြည်သူများ၊ ဝန်ထမ်းများအား မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် ပျော်ရွှင်တက်ကြွစေပြီး စိတ်ခွန်အားဖြည့်ပေးကြစေလိုပါကြောင်း၊ မေ ၁၀၊ ၁၁၊ ၁၂ ရက်တွင် အမျိုးသားကဇာတ်ရုံ(ရန်ကုန်)၌ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များစုပေါင်း၍ ရန်ပုံငွေပဒေသာကပွဲ ကျင်းပရန် စီစဉ်ထားပြီးဖြစ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကြစေလိုကြောင်း၊ ယခု ပဒေသာကပွဲသည် ရန်ပုံငွေရရှိရေးသက်သက်သာ မဟုတ်ဘဲ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ ပေါင်းစည်းမှု၊ စည်းလုံးညီညွတ်မှုကို ပြသသည့်ပွဲလည်းဖြစ်သဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါ ဟု ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးချစ်မျိုးထိုက်၊ မန္တလေးငလျင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးချမ်းသာကြည်စိုးနှင့် တက်ရောက်လာကြသူများက မန္တလေးငလျင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မန္တလေးငလျင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် မေ ၁၀ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ညနေ ၅နာရီခွဲမှ ည ၁၀နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**




## မန္တလေးငလျင်ကြီးဘေးသင့်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၅**

အင်အားပြင်း မန္တလေးငလျင်ကြီး ဘေးသင့်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မုန်းဝန်း ဗမာတိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးသီဟလွင် ဦးဆောင်သည့် အဖွဲ့ဝင်များက ငွေကျပ်သိန်း ၂၀၀ ကို ယနေ့ ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး**(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၅**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ရာဇာထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီး ကြောင့် ထိခိုက်သေဆုံးခဲ့သည့် ပြည်သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်၍ တစ်မိနစ်ငြိမ်သက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်း ဗီဒီယိုပြသခြင်းအား ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂/၂၀၂၅)သင်တန်းဖွင့်ပွဲ ကျင်းပ

**မကွေး မေ ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ကျင်းပသော ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၂/၂၀၂၅)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေး တိုင်းဒေသကြီးလွှတ်တော်ရုံး ဗိုလ်မင်းရောင်ခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ “ နိုင်ငံသားတိုင်း ဥပဒေအသိပညာရှိသင့်သည်”ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျတာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပညာသည် နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်သည့် အရာတစ်ခု ဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်း နေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများ မဖြစ်မနေသိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ ဥပဒေရေးရာ စည်းမျဉ်း/စည်းကမ်းများကို အချိန်တိုအတွင်း သိရှိနားလည်ပြီး ဗဟုသုတရရှိစေရန်အတွက် ဆင့်ပွားသင်ကြားပို့ချပေးသွားခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူ၊ အရာထမ်း အမှုထမ်းများအနေဖြင့်သင်တန်းကာလ သင်ကြားပို့ချသည့်ဥပဒေပညာကို ဆည်းပူးလေ့လာသွားရန် ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က လက်ခံရယူသည်။

အဆိုပါ သင်တန်းကို တက္ကသိုလ်များ၊ ဒီဂရီကောလိပ်၊ နည်းပညာသိပ္ပံနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်း ၁၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၅) ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၅)
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၇ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
( ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေတွင်ပါရှိသော "Ministry of Transport" ဆိုသည့် စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Magistrate" နှင့် "Magistrate of the first class" ဆိုသည့် စကားရပ်များကို "Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Department of Marine Administration" ဆိုသည့်စကားရပ်ကို "Department" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်းအစားထိုးရမည်–

1. Unless otherwise expressly provided, the following expressions contained in this Act shall have the meanings given hereunder:
   (a) **Government** means the Union Government of the Republic of the Union of Myanmar;
   (b) **Ministry** means the Ministry of Transport and Communications of the Union Government;
   (c) **Department** means the Department of Marine Administration of the Ministry of Transport and Communications;
   (d) **Myanmar ship** means any ship registered under this Act; and
   (e) **Court** means any appropriate court having jurisdiction in the matter relating to this Act.

၄။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

1A. (a) No ship shall be deemed a registered ship unless it has been registered by the registering–officer of any port in Myanmar and holding a valid Certificate of Registry as required by any provisions of this Act.
   (b) Forms of Certificates of Registry, their validity and fees to be paid shall be such as may be prescribed by the Ministry.

၅။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၂၊ ၃၊ ၄၊ ၇ နှင့် ၈ တို့တွင်ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

5. (a) No registry shall be made or no certificate shall be granted until the declaration, in which the following stated particulars are true and to the best of his knowledge and belief, shall be made or subscribed before the registering–officer by the owner or major part of the owners of ship required to be registered:
   (1) name of the ship and its tonnages;
   (2) a statement of the date when and the place where the ship was built, or if the date and place of building are not known, a statement that the declarant does not know the date and place of the building of the ship;
   (3) a statement as to the owner of the ship and the citizenship of such owner, and if the ship is owned by more than one person, the number of shares each is entitled to;
   (4) a statement of the name of the master of the ship and his citizenship;
   (5) a statement that no other person (other than those declared) is entitled as owner to any legal or beneficial interest in the ship or any share thereof;
   (6) a statement of the name and citizenship of the operator who operates the ship other than owner mentioned under clause (3); and
   (7) such other particulars as may be prescribed.
   (b) The registrar may demand proof of ownership to his satisfaction before proceeding with the registry of a ship.

၇။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅–က တွင်ပါရှိသော "section 1" ဆိုသည့် စကားရပ်ကို "section 1A" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅–က ၏ နောက်တွင် ပုဒ်မ ၅–ခ နှင့် ၅–ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

5B. (a) No person shall be qualified to own a Myanmar ship unless such person shall be any of the followings:
   (1) a citizen of Myanmar;
   (2) a company or a body established in Myanmar which satisfies the following requirements:
      (i) the company or a body is incorporated in Myanmar;
      (ii) the principal office of the company or a body is in Myanmar;
      (iii) the management of the company or a body is undertaken in Myanmar;
      (iv) the majority of the shareholding, or the percentage of such shareholding as may be determined by the Ministry under sub–section (b), including the voting share, of the company or a body is held by Myanmar citizens independent of any influence by any person other than Myanmar citizens; and
      (v) the majority, or the percentage of the shareholding as may be determined by the Ministry under sub–section (b), of the directors of the company or a body are Myanmar citizens.
   (b) The Ministry may, by notification, determine:
      (1) the percentage of the shareholding, including voting share; and
      (2) the percentage of the directors of the company or a body required to be Myanmar citizens.
   (c) In addition to the requirements prescribed in sub–section (a), other requirements may be prescribed by the Ministry.
   (d) Documents pertaining to shareholding shall be developed by the company or the body as may be required by the registrar of ships.

5C. (a) The Department shall take administrative action against any person who fails, without reasonable cause, to register as per the requirements shall be liable to pay a fine not exceeding ten percent of the value of the ship to the Department.
   (b) Any person who fails to comply with sub–section (a) shall, on conviction before a Court, be punished with imprisonment for a term not exceeding twelve months and the subject ship may be confiscated.
   (c) If it is failed to discover or determine ownership of the ship, it may be seized as the property of the Government by the Ministry.

၉။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

8A. The Ministry may delegate its duties and powers conferred in section 3, 4, 7 and 8 to the Department.

၁၀။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၂၀ တွင်ပါရှိသော "before him" ဆိုသည့် စကားရပ်ကို "before it" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၅**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ် ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံ သင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့် ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း / တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား ကိုးသင်းနှင့် အမျိုးသမီး ကိုးသင်းတို့ဖြင့် မေ ၁၄ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မလိုအပ်သော
မီးများကို
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို
ချွေတာပါ

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မစိုးရိမ်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးဒေါ်နုမြဇံ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မစိုးရိမ်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တဝါသေဌာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုများနှင့် ကျောင်းတိုက်အတွက် လိုအပ်သည့် နေရာတွင် အသုံးပြုရန် နဝကမ္မအလှူငွေများ လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာမုနိဘုရားသို့ ရောက်ရှိကာ ငလျင်ဒဏ်ကြောင့် ပြိုပျက်သွားသည့် အဆောက်အအုံများ ရှင်းလင်းရာတွင် သဲ၊ ခဲ ရှင်းလင်း၍ မုခ်များကြံ့ခိုင်ရေးလုပ်ငန်း ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဘုရားကြီးပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်သင့် အဆောက်အအုံများ၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂ လမ်း၊ ၃၃x၃၄ လမ်းကြားတွင် တည်ရှိသည့် မြို့မနှစ်ခြင်းအသင်းတော်ဘုရားကျောင်း (မေရီဘုရားရှိခိုးကျောင်း)၊ ပင်းယဂူကြီးသုံးလုံး၊ သတ္တဌာနဝင် ရွှေစည်းခုံစေတီတော်ကြီး၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ မဟာစန္ဒာမုနိစေတီတော်၊ ရှင်လွန်းမယ်ဘုရား၊ မြေစွန်းဝန်ဘုရား၊ သားတော်ရာဘုရားများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုများအား ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် နောင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များပါ ခံနိုင်ရည်ရှိသည့် ဒီဇိုင်းကို ထည့်သွင်းစဉ်းစားတွက်ချက်၍ အရည်အသွေးစံချိန်စံညွှန်းမီ ပြုပြင်သွားရန် မှာကြား၍ ဘုရားများပြုပြင်ရန် ဂေါပကအဖွဲ့များထံ အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ငလျင်ဘေးကြောင့် ပျက်စီးခဲ့သည့် ရေပိုက်လိုင်းများ အမြန်ဆုံးပြန်လည်ပြင်ဆင်ပေး

**နေပြည်တော် မေ ၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့က ဥတ္တရသီရိမြို့နယ် မြတ်လေးလမ်းနှင့် နေကြာလမ်းသို့ သွားရောက်၍ ငလျင်ဘေးကြောင့် ပျက်စီးခဲ့သည့် ရေပေးဝေရေး ပိုက်လိုင်းများကို ဝန်ထမ်းများ၊ ယန္တရားများဖြင့် တူးဖော်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းအနီး ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပင်မရေပိုက်လိုင်းများ၊ ရေဖြန့်ဝေသည့် ပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် ရာဇသင်္ဂဟအိမ်ရာ(၁) ဝင်းအတွင်း ရေပိုက်လိုင်းများ ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇသင်္ဂဟလမ်းကို စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှုနှင့် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရေသန့်စင်စက်ရုံ အမှတ်(၃) ရေသိုလှောင်ထားရှိမှုနှင့် ရေဖြန့်ဝေနေမှုအခြေအနေ၊ ဥတ္တရသီရိမြို့နယ် သုခမိန်လမ်း၌ ကလိုရင်းခတ် သန့်စင်ထားသည့် သောက်သုံးရေများ ရေသယ်ယာဉ်များဖြင့် ရေဖြည့်တင်းပြီး သယ်ယူပို့ဆောင်ဖြန့်ဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ချောင်းမကြီးရေလှောင်တမံသို့ သွားရောက်ပြီး တမံပြုပြင်နေမှုများနှင့် တမံမြေသားကြံ့ခိုင်မှု စစ်ဆေးနေမှုအခြေအနေများ၊ ဇမ္ဗူသီရိမြို့နယ် ပိတောက်အိမ်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ပြုလုပ်သည့် ၂၀၂၄ ခုနှစ် မိုးစပါးချေးငွေအတွက် ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလျော်ကြေးပေးအပ်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် သနပ္ပင်ဆိပ်ကျေးရွာ၊ နှမ်းတောကျေးရွာနှင့် ကျွန်းဦးကျေးရွာတို့မှ တောင်သူများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံအာမခံလျော်ကြေးငွေများပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမဝင်းအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငလျင်ဘေးသင့်ပြည်သူများအတွက် MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသုံးကုန်၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ အရောင်းယာဉ်ဖြင့် ရောင်းချပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် မေ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (ဘားအံ၊ လပွတ္တာ၊ အောင်ပန်း) တို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပရာ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကလည်းကောင်း၊ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းကလည်းကောင်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦး ကလည်းကောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်လှစ်သည့် ဆောက်လုပ်ရေး သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများအား သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်ဖြင့် သင်တန်းသား စုစုပေါင်း ၁၂၅ ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကို သင်တန်းသူ ၂၀ ဖြင့် သင်တန်းကျောင်းတွင် စာတွေ့ သုံးလနှင့် ဟိုတယ်များတွင် လုပ်ငန်းခွင်သင်တန်း (On Job Training-OJT) ကာလ သုံးလကြာ သင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သင်တန်းကာလအတွင်း နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အလုပ်အကိုင်ရရှိရေး တစ်ဆက်တည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းများတွင် သင်တန်းသား စုစုပေါင်း ၆၇၇၅ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း သက်ဆိုင်ရာ သင်တန်းဆင်း ကျွမ်းကျင်မှုအလိုက် ဖန်တီးပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မေ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar SWM Motor Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KAIYI E-QUTE 04 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Construction & Development Infrastructure Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW VOLKSWAGEN ID-6 CROZZ အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ FAW VOLKSWAGEN ID-7 VIZZION အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် FAW VOLKSWAGEN ID-4 CROZZ အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝနေမှသာ သင်ရိုးမာတိကာပါ အကြောင်းအရာများသာမက လက်တွေ့သင်ကြားရေးနှင့် ပြင်ပလုပ်ငန်းခွင်ကျွမ်းကျင်မှုအတွက်ပါ စာတွေ့နှင့် လက်တွေ့ ချိတ်ဆက်လေ့ကျင့်ပေးနိုင်

**နေပြည်တော် မေ ၅**

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် Grade-10, Grade-11, Grade-12 သင်ကြားမည့် သင်ကြားရေးမွမ်းမံသင်တန်း တက်ရောက်နေသော ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ သင်တန်းပို့ချမည့် ဆရာ ဆရာမများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ကြိုတင်ပြင်ဆင်လေ့လာ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အခြေခံစိုက်ပျိုးမွေးမြူရေး ပညာရပ်များ တတ်မြောက်သူများအဖြစ် ပြုစုပျိုးထောင်ပေးရမည့် သင်ကြားလေ့ကျင့်ပေးသူ ဆရာ ဆရာမများအနေဖြင့် ကိုယ်တိုင်စေတနာ၊ ဝါသနာကို အခြေခံပြီး မိမိတို့ ကိုယ်တိုင် တတ်မြောက်ထားသည့် ပညာရပ်များကို မျှဝေသင်ကြားပို့ချရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးမည့် ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝနေမှသာ သင်ရိုးမာတိကာပါ အကြောင်းအရာများသာမက လက်တွေ့သင်ကြားရေးနှင့် ပြင်ပလုပ်ငန်းခွင်ကျွမ်းကျင်မှုအတွက်ပါ စာတွေ့နှင့် လက်တွေ့ ချိတ်ဆက်လေ့ကျင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားရေး ဆရာ ဆရာမအဖြစ် ပြောင်းလွှဲ တာဝန်ထမ်းဆောင်ကြရသူများအနေဖြင့် စိုက်ပျိုး-မွေးမြူရေး ပညာပေးဝန်ထမ်းအဖြစ်မှ မတူညီသည့် သင်ကြားရေးနယ်ပယ်တွင် တာဝန်ယူရမည်ဖြစ်သည့်အတွက် သင်ကြားရေးနည်းစနစ်များ၊ ကြိုတင်ပြင်ဆင်လေ့လာလေ့ကျင့်ရမည့် သင်ခန်းစာအကြောင်းအရာများ၊ အကဲဖြတ်အမှတ်ပေးစနစ်များသည် ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ပညာရေးလမ်းကြောင်းကို အဆုံးအဖြတ်ပေးရန် အရေးပါသည့် အရာများဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက သင်တန်းကာလအတွင်း လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် စားသောက်နေထိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြကြောင်းနှင့် သင်တန်းသို့ ဆရာ ဆရာမ ၃၈၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# EV သုံးစွဲမှုမြင့်တက်လာပြီဖြစ်ရာ သုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေး အသိပညာပေးပွဲများဆောင်ရွက်

**နေပြည်တော် မေ ၅**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မေ ၂ ရက် နံနက်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သို့ ရောက်ရှိခဲ့ပြီး EV အလုပ်ရုံအတွင်း ကြည့်ရှုစစ်ဆေးရာ နိုင်ငံတော်တွင် EV သုံးစွဲမှုများ သိသာစွာ မြင့်တက်လာပြီဖြစ်ရာ သုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် အသိပညာပေးပွဲများ၊ EV ပြုပြင်ထိန်းသိမ်းမှု နည်းပညာသင်တန်းများကို ဆက်စပ်ဌာနများ၊ နိုင်ငံတကာနှင့် ပြင်ပ EV အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခေတ်မီစာကြည့်တိုက်ဖြစ်စေရေးနှင့် ဆရာနှင့် ကျောင်းသားများ စာဖတ်ရှိန် မြှင့်တင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး နည်းပညာနှင့် သုတ၊ ရသစာအုပ်များကို လှူဒါန်းကာ ကျောင်းဥပမိရုပ်တင့်တယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

**တိုက်တွန်းမှာကြား**

မွန်းလွဲပိုင်းတွင် ဂျပန် - မြန်မာ အောင်ဆန်း သက်မွေးပညာသင်ကျောင်း (JMASVTI) သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဆက်စပ်ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ MSME မြှင့်တင်ရေးနှင့် မော်တော်ယာဉ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နိုင်ငံ့လူငယ်များကို နည်းပညာအရည်အသွေး ပြည့်မီရေးအပြင် ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့အကျိုးပြု လူချွန်လူကောင်းများ ဖြစ်စေရေး စဉ်ဆက်မပြတ် မြေတောင်မြှောက်ပေးသွားရန်၊ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ လက်တွေ့ကျကျ ဖန်တီးနိုင်ရေးအတွက် စံနှုန်းများ ပြည့်မီသော ပုံမှန်နှင့် ကာလတိုသင်တန်းများ ဖွင့်လှစ်သွားရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အသစ်တည်ဆောက်ပြီးဖြစ်သော ပင်မဆောင်အတွင်း မြေညီထပ်ရှိ စာကြည့်တိုက်၊ စုဝေးခန်းမ၊ လျှပ်စစ်အလုပ်ရုံနှင့် ရေးဦးသူနာပြုစုခန်းတို့တွင်လည်းကောင်း၊ ပထမထပ်ရှိ စာသင်ခန်းများ၊ ပုံဆွဲခန်း၊ သိပ္ပံလက်တွေ့ဓာတ်ခွဲခန်း၊ ကွန်ပျူတာခန်းနှင့် တိုင်းတာရေးအလုပ်ရုံ၊ ပင်မဆောင် အပြင်ဘက်ရှိ ရေသိုလှောင်ကန်နှင့် ကန်တင်းဆောက်လုပ်ဆဲ နေရာတို့တွင်လည်းကောင်း၊ မော်တော်ယာဉ်နည်းပညာအလုပ်ရုံ (Automotive Technology Workshop) တွင်လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ဆောင်ရွက်ချက်များကို ပြည်သူအများ သိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ် မှစတင်၍ နှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် အစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ် မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားသည်။



၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေရေးရာ ဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာနခြောက်ခု ဆောင်ရွက်ချက်များ ပါဝင်သည်။ ကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးသင်ခန်းစာပို့ချမှု အကြိမ် (၇၀)၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုင်းရင်းသားဘာသာ ကိုးမျိုး ပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း၊ သတင်းထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ကော်မရှင်၏ ဆောင်ရွက်ချက်များကို e-newsletter ထုတ်ဝေခြင်းများ ပါဝင်သည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်တန်းစာများ စုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများ အပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း ၅၅ ခု၊ လူငယ်သင်တန်းကျောင်း ရှစ်ခု၊ မသန်စွမ်းကျောင်း တစ်ခု၊ ဘိုးဘွားရိပ်သာ ၁၀ ခုတို့သို့ သွားရောက် စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက် စုစုပေါင်း ၃၁၄ ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ ပါဝင်သည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံးအမှတ် (၂၇)၊ ပြည်လမ်း၊ (၆) မိုင်ခွဲ၊ လှိုင်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့ လည်းကောင်း ပေးပို့နိုင်သည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် မေ ၅

**နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။**

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၀)သင်တန်း ဆင်းပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်း ကျောင်းအသီးသီး၌ ကျင်းပ ပြုလုပ်ကြသည်။ အဆိုပါသင်တန်း ဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၀) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံ အမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၀) မှ သင်တန်းသားများကို ကွပ်ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များအား အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၀) တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

၁။ ဒီမှာသင်တန်းတက်ရတာ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်ရတာဖြစ်လို့ဂုဏ်ယူပါတယ်။ သင်တန်းမှာ အတူတူတက်ခဲ့တဲ့ ညီအစ်ကိုတွေကိုလည်း အချင်းချင်း ကူညီ စောင့်ရှောက်ပေးတာတွေရယ်၊ စည်းကမ်းပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း နည်းပြတွေက ပြောဆိုဆုံးမကြပါတယ်။ နည်းပြအားလုံးလည်း တော်ကြပါတယ်။ ကျွန်တော်တို့ကို သားသမီးသဖွယ် စောင့်ရှောက်ပြီး စစ်ပညာပိုင်းဆိုင်ရာကိုလည်း အားလုံးကို တတ်မြောက် ကျွမ်းကျင်အောင် သင်ပေးကြပါတယ်။ သင်တန်းသားတွေကလည်း ဘယ်နေရာပဲ ဖြစ်ဖြစ် အကုန်လုံး အဆင်ပြေပြေ လုပ်နိုင်ကြပါတယ်။ သင်ခန်းစာတွေကတော့ စစ်ရေးကျွမ်းကျင်မှုနဲ့ပတ်သက်ပြီး အကုန်လုံး သင်ကြားရပါတယ်။ အကုန်လုံးလည်း တတ်မြောက်ကျွမ်းကျင်ကြပါတယ်။ ဘယ်နေရာပဲ ရောက်ရောက် ကျွန်တော်တို့က အကောင်းဆုံးလုပ်မယ်ဆိုတာကိုပဲ တွေးထားပါတယ်။

၂။ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၀) မှာ ကျွန်တော်ရရှိတဲ့ဆုကတော့ စံပြတပ်သားဆု ဖြစ်ပါတယ်။ ဆုရရှိအောင် ကြိုးစားခဲ့တာကတော့ သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့တဲ့ ကွပ်ခိုင်ရေး၊ စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်ရေးဗျူဟာ ဘာသာရပ်နဲ့ အခြား အထွေထွေဗဟုသုတတွေကို သင်ကြားပေးတဲ့အတိုင်း လိုက်နာ ဆောင်ရွက်တဲ့အတွက် အခုလိုဆုရရှိတယ်လို့ ထင်မိပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ နိုင်ငံတော်တာဝန်ကို အခုလို တစ်ထောင့် တစ်နေရာကနေ တာဝန် ထမ်းဆောင်ရမှာဖြစ်တဲ့အတွက်ဂုဏ်ယူမိပါတယ်။ တာဝန်ကျရာတပ်တွေကို ရောက်တဲ့အခါမှာ ကျောင်းတော်ကြီးက သင်ကြား လေ့ကျင့်ပေးလိုက်တဲ့ ပညာရပ်တွေနဲ့ အလေ့အကျင့်ကောင်းတွေကို လေ့ကျင့်အသုံးချပြီးပေးအပ်တဲ့တာဝန်ကို အကောင်းဆုံးကျေပွန်စွာ ထမ်းဆောင်သွားပါမယ်လို့ ခံယူထားပါတယ်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ဆိုတာ နိုင်ငံသားတိုင်း ထမ်းဆောင်ရမယ့် အမျိုးသားရေးတာဝန်ဖြစ်တာကြောင့် နောက်ထပ်ဖွင့်လှစ်မယ့် ပြည်သူ့စစ်မှုထမ်းသင်တန်းတွေမှာ ညီငယ်တွေအနေနဲ့ နိုင်ငံသားတာဝန်၊ အမျိုးသား တာဝန်ကျေပွန်အောင် တက်ရောက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။










၃။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်လာရောက်တက်ခဲ့တာဖြစ်ပါတယ်။ သင်တန်းကာလမှာ ကြုံတွေ့ခဲ့ရတဲ့အခက်အခဲတွေကို သင်ကြားပေးတဲ့ဆရာတွေ၊ သူငယ်ချင်းတွေရဲ့ အားပေးမှုတွေနဲ့ ကျော်လွှားခဲ့ပါတယ်။ သင်တန်းတက်ခါစတုန်းကတော့ ပင်ပန်းတယ်လို့ထင်မိပါတယ်။ နောက်ပိုင်းကျတော့ နေသားကျသွားတဲ့အတွက် ပင်ပန်းမှုဒဏ်ကို မခံစားရတော့ပါဘူး။ ဒီသင်တန်းကို တက်ရောက်ပြီးသွားတဲ့အခါမှာ ကျွန်တော် စည်းစနစ်တကျ နေထိုင်တတ်သွားတယ်လို့ ခံစားမိပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ အမျိုးသားတိုင်း ထမ်းဆောင်ရမယ့် တာဝန်ဖြစ်လို့ နောက်ထပ် လာရောက်တက်ကြမယ့် ညီငယ်လေးတွေကို လာရောက်တက်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၀) မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲဓာတ်ပုံမြင်ကွင်း



မန္တလေးတိုင်းဒေသကြီး နယ်မြေခံသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးက ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကျောင်းအုပ်ကြီးက သင်တန်းဆင်းတပ်ခွဲအား လိုက်လံစစ်ဆေးစဉ်။



ရှမ်းပြည်နယ် (တောင်ပိုင်း) နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

## ရက်သတ္တပတ် ၁ ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်း

နေပြည်တော် မေ ၅

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဧပြီလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

### ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်

ယခုအခါ ဧပြီလ ၂၈ ရက်နေ့မှ မေလ ၄ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ Sleeping Bags၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့သို့ ဘေးသင့်လူဦးရေအချိုးအစား အပေါ်မူတည်၍ ဖြန့်ခွဲပေးပို့လျက်ရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းမည့် ဒီဇယ်ဆီ တန် ၃၀,၀၀၀၊ ဓာတ်ဆီ တန် ၂၀,၀၀၀၊ ယာယီနေအိမ်အဖြစ်အသုံးပြုရန် Prefabricated House အလုံး ၄၅၀၀ နှင့် ယာယီရုံးအဖြစ်အသုံးပြုရန် Prefabricated Office အလုံး ၅၀၀ တို့အနက် ၂-၅-၂၀၂၅ ရက်နေ့တွင် ဒီဇယ်ဆီ တန် ၁၈,၀၀၀ နှင့် Prefabricated Office အလုံး ၃၄၀ သည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ ဒီဇယ်ဆီ တန် ၁၈,၀၀၀ ကို ရန်ကုန်မြို့ သီလဝါ Terminal တွင် ခေတ္တထိန်းသိမ်းထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

Prefabricated Office အလုံး ၃၄၀ ကို ၄-၅-၂၀၂၅ ရက်နေ့တွင် နေပြည်တော်သို့ မြန်မာ့မီးရထားဖြင့် သယ်ဆောင်လျက်ရှိရာ ရောက်ရှိပါက ဝန်ကြီးဌာနအသီးသီးသို့ ဖြန့်ခွဲ၍ ယာယီရုံးခန်းများအဖြစ် အသုံးပြုကာ ဌာန၊ အဖွဲ့အစည်းအလိုက် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ခွဲဝေထောက်ပံ့

ရက်သတ္တပတ် ၁ ပတ်အတွင်း လက်ခံရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ ဆောင်ရွက်ပေးခဲ့ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၈ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ၈ စီး ဖြစ်ပါသည်။

### ဆက်လက်ထုတ်ပြန်

နိုင်ငံတကာအလှူရှင်များမှ ၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို ၁ ပတ်လျှင် ၁ ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းတွင် လွှဲပြောင်း၊ လက်ခံမှု ဆောင်ရွက်စဉ်။


တရုတ်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်း မိုးကာတဲများ ရောက်ရှိစဉ်။


တရုတ်၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဆိုက်ရောက်လာစဉ်။


တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းမှ နေပြည်တော်သို့ မီးရထားဖြင့် သယ်ဆောင်စဉ်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ



အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကူညီထောက်ပံ့ပစ္စည်းများ ရောက်ရှိလာစဉ်။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဒီဇယ်ဆီ ၁၈,၀၀၀ တန် သီလဝါဆိပ်ကမ်းသို့ရောက်ရှိရာ လွှဲပြောင်းလက်ခံစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ငလျင်ဘေးသင့်ပြည်သူများအား အလှူပစ္စည်းများ ဖြန့်ခွဲပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာမှပေးအပ်သည့် အလှူပစ္စည်းများ ဖြန့်ခွဲပေးအပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံတကာမှပေးအပ်သည့် အလှူပစ္စည်းများ ဖြန့်ခွဲပေးအပ်စဉ်။



ရှမ်းပြည်နယ်အတွင်း နိုင်ငံတကာမှလှူဒါန်းသည့် မိုးကာတဲများ စီစဉ်ဆောင်ရွက်ထားရှိစဉ်။

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်
## (၃၀-၃-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၅၃၃၁ | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၁၈ | ၅၃၇၈ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၄၂၅ | ၁၀ | ၄၁၅ | - | - | - | - | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၀၀၁ | ၄ | ၂၅ | ၁၄၉၇ | - | ၃၂၄ | ၁၅၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၆၁၈ | ၁၆၀၄ | |

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၅၈ | ၄ | ၇ | - | ၁၃ | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၆ | ၁၈ | ၃၈ | ၁၈ | ၂ | - | - | |
| | | ဖာ | ၁၃၀၀၀ | ၇၀၁၂ | ၄၇၆၀ | ၁၁၀၃ | ၁၂၃ | - | ၂ | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆၅ | ၁၉ | ၃၁ | ၆ | ၇ | - | ၂ | |
| | | ဖာ | ၃၅၅၄ | ၆၃၉ | ၁၉၃၆ | ၉၁၇ | ၆၂ | - | - | |
| | | ထုပ် | ၁၄၅၁ | ၅၃၇ | ၈၁၂ | ၅၈ | ၄၄ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉ | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၂ | - | ၁ | - | ၂ | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၅၆ | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၅၈၈ | ၂၆ | - | - | - | ၁၅၆၂ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

## ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
## (၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | Sleeping Beds | ဖာ | ၂၇ | ၁၂ | - | - | ၂ | ၁၃ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၅ | ၁ | - | - | ၂ | ၂ | |
| ၃ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၅ | ၂ | - | - | ၁ | ၂ | |
| ၄ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆ | ၁ | - | - | ၃ | ၂ | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၁ | ၁ | - | - | - | - | |

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု
## (၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၁၅၀ | - | - | - | - | - | ၁၁၅၀ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၇ | – | – | – | – | ၇ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

## အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု
## (၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | | | |
| ၁ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | ဖာ | ၇ | - | - | - | ၇ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား တက်ရောက်ချီးမြှင့်

**ပဲခူး မေ ၅**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။




ရှေးဦးစွာ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စက်ရုံ/အလုပ်ရုံမှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ရဟန်းရှင်လူပြည်သူအပေါင်းအတွက် တစ်မိနစ်ငြိမ်သက်ဆုတောင်းပေးခြင်းအား ပြုလုပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ခေတ်အဆက်ဆက်တွင် မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအကျိုးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားမှုများဖြင့် အကျိုးပြုနေသည့် လေးစားဂုဏ်ယူဖွယ်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း၊ သဘာဝဘေးဖြစ်စဉ်များနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ် မေလတွင်ဖြစ်ပွားခဲ့သည့် "မိုခါ" မုန်တိုင်းဖြစ်စဉ်၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် "ရာဂီ" မုန်တိုင်းဖြစ်စဉ်နှင့် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖြစ်ပေါ်ခဲ့သည့် "မန္တလေးငလျင်" ဖြစ်စဉ်များတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် စွမ်းရည်ပြည့်ဝစွာ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့မှုသည် နိုင်ငံတကာအဆင့်မီသည့် လုပ်ဆောင်ချက်များပင်ဖြစ်ကြောင်း၊ နိုင်ငံတကာမှာ ပြောင်းလဲတိုးတက်နေသည့် မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းကိရိယာများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးဖြည့်တင်းပြီး လေ့ကျင့်မှုနှင့် အရည်အချင်းပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးဘေးလုံခြုံရေးလုပ်ငန်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ရာတွင် စိတ်ကောင်းစေတနာအပြည့်ဖြင့် ထိထိရောက်ရောက် စွမ်းဆောင်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စံပြမီးသတ်စခန်းဆုရရှိသည့် သာယာဝတီခရိုင်မီးသတ်စခန်း၊ ဗဟိုအဆင့် အမြန်လမ်းစံပြမီးသတ်စခန်းဆုရရှိသည့် ဥသျှစ်ကုန်းမီးသတ်စခန်းများ၊ သင်တန်းသား(စံပြ)ဆု၊ မီးသတ်ကျင့်ဝတ်ပြိုင်ပွဲ ပထမဆုရရှိသူတို့အား ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုငွေနှင့် တိုင်းဒေသကြီးအတွင်း မီးငြိမ်းသတ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် သီးခြားဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့က သင်တန်းသား ထူးချွန်ဆုရရှိသူနှင့် လုပ်သက်(၂၅)နှစ်အထက် အရန်မီးသတ်တပ်ဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု Video Clip အား ကြည့်ရှုခဲ့ကြပြီး မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား တက်ရောက်အားပေး



**မော်လမြိုင် မေ ၅**

၂၀၂၅ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကြောင့် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ပြီး ဆုတောင်းပေးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ မှတ်တမ်း Video Click အား ပြသခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာသော မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည် ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပစ္စည်း ကိရိယာများအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်အတွင်း ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ သထုံခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်း၊ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးတို့က ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ ချမ်းအေးသာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း (ပ)၆၄/ ၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၈၀ ဖြင့် အမှုဖွင့်လှစ်၍ ပြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြစ်မှု ကျူးလွန်သူတရားခံအား ဖမ်းဆီးရမိနိုင်ရေး သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူတရားခံ လွင်ကိုဦး(၂၇)နှစ် (ဘ)ဦးအောင်ကို၏ နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် လက်ပံကျေးရွာရှိ နေအိမ်အား ဧပြီ ၂၆ ရက်တွင် ဝင်ရောက်ဖမ်းဆီးရှာဖွေခဲ့ရာ လွင်ကိုဦး၏ ဇနီးဖြစ်သူ သင်းသင်းစိုး(၂၆)နှစ် (ဘ)ဦးမြင့်နိုင်အား တွေ့ရှိရပြီး ထွက်ဆိုချက်အရ ဧပြီ ၁၉ ရက်တွင် လွင်ကိုဦး ပြစ်မှုကျူးလွန်ရရှိသည့် ငွေဖြင့် တပ်ကုန်းမြို့၌ KENBO 125 အနက်ရောင် ဆိုင်ကယ်တစ်စီးအား ဝယ်ယူခဲ့ကြောင်း၊ ကျန်ခိုးရာပါငွေများနှင့် ရွှေထည်ပစ္စည်းများအား ဆာလာအိတ်ဖြင့် ထုပ်၍ လက်ပံကျေးရွာရှိ နေအိမ်သို့ ယူဆောင်လာခဲ့ပြီး ဧပြီ ၂၁ ရက်တွင် သင်းသင်းစိုး၏ ဖခင်ဖြစ်သူ မြင့်နိုင်၊ ညီမဖြစ်သူ ဖြိုးဖြိုး၊ ခဲအိုဖြစ်သူ ကျော်ကျော်ခိုင် (ခ) ကျော်ခိုင်တို့နှင့်အတူ ကျေးရွာ၏ အနောက်ဘက် ၁ မိုင်ခန့်အကွာရှိ တောင်ကုန်းပေါ်၌ ကျင်းတူး၍ မြှုပ်နှံသိုဝှက်သိမ်းဆည်းထားခဲ့ကြောင်း စစ်ဆေးသိရှိရပြီး သင်းသင်းစိုး၏ ထွက်ဆိုချက်အရ ဧပြီ ၂၆ ရက်တွင် သက်သေခံ ငွေကျပ်သိန်း ၁၄၀၀ နှင့် အလေးချိန် ၉ ကျပ် ၁၀ ပဲ ၅ ရွေးအလေးချိန်ရှိ ရွှေထည်ပစ္စည်းမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ လွင်ကိုဦးအား ဧပြီ ၂၇ ရက် ညနေ ၄ နာရီခွဲ၌ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူကျေးရွာရှိ စိန်လျှံတည်းခိုခန်း အခန်းအမှတ်(H-3) တွင် ရှာဖွေဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ သက်သေခံ ငွေ ၁၂၇ သိန်းကျပ်၊ အလေးချိန် ၃ ကျပ် ၃ ပဲ ၃ ရွေးရှိ ရွှေထည်ပစ္စည်းမျိုးစုံ၊ KENBO အမျိုးအစား အနက်ရောင် ဆိုင်ကယ်တစ်စီး၊ လွင်ကိုဦး၏ နိုင်ငံသား စိစစ်ရေးကတ်တစ်ခု၊ လွင်ကိုဦးဓာတ်ပုံကပ်ထားသော မျိုးသူအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ လက်ကိုင်ဖုန်းမျိုးစုံ ငါးလုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

တရားခံ လွင်ကိုဦး၏ ထွက်ဆိုချက်အရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလခန့်မှစတင်၍ မန္တလေးမြို့ပေါ်တွင် ဆောက်လုပ်ရေးလုပ်ငန်း တစ်ခု၌ အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဧပြီ ၁၈ ရက် နံနက် ၈ နာရီတွင် ၎င်းအလုပ်လုပ်ကိုင်သည့် နေရာအနီးရှိ (၇)လွှာတိုက်ခန်း မြေညီထပ် အခန်းအမှတ်(B-1) ၏ အခန်းအတွင်းသို့ ဝင်ရောက်ကာ ငွေနှင့် ရွှေထည်ပစ္စည်းများအား ခိုးယူခဲ့ကြောင်း၊ ထိုမှ တစ်ဆင့်တပ်ကုန်းမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် ပြန်လာကာ ဇနီးဖြစ်သူအား ငွေနှင့် ရွှေထည်ပစ္စည်းများအား သိုဝှက်သိမ်းဆည်းထားခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ ငွေနှင့် ရွှေထည်ပစ္စည်းများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံ လွင်ကိုဦးနှင့် သက်သေခံပစ္စည်းများအား သိုဝှက်သိမ်းဆည်းပေးခဲ့သူများ ဖြစ်ကြသည့် တရားခံ သင်းသင်းစိုးပါ လေးဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် မေ ၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

❖ *ကျောဖုံးမှ*

အဆိုပါသွင်းဂိုးဖြင့် ဘိုလော့ဂ်နာအသင်းကို မိနစ် ၅၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သည်။ ဘိုလော့ဂ်နာအသင်းက ပွဲကစားချိန် ၅၄ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီး ဖောင်လာက သွင်းယူပေးခဲ့သည်။

ထို့နောက် ဘိုလော့ဂ်နာအသင်းရော ဂျူဗင်တပ်စ်အသင်းပါ လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးစားလာသော်လည်း ပွဲကစားချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ဂျူဗင်တပ်စ်အသင်းက ရမှတ် ၆၃ မှတ်ဖြင့် အဆင့် (၄) တွင် ရပ်တည်နေပြီး ဘိုလော့ဂ်နာအသင်းက ရမှတ် ၆၂ မှတ်ဖြင့် အဆင့် (၇) တွင် ရပ်တည်နေသည်။ အီတလီစီးရီး အေပွဲစဉ် (၃၅) အပြီးတွင် နာပိုလီအသင်းက ရမှတ် ၇၇ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး ယင်းနောက်တွင် အင်တာမီလန်အသင်းက ရမှတ် ၇၄ မှတ်ဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။ **အောင်ဇော်**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အာဆီယံနှင့်အပေါင်း သုံးနိုင်ငံများက နိုင်ငံပေါင်းစုံ လွတ်လပ်စွာကုန်သွယ်ခွင့်ကို အတည်ပြု

**ရောမ မေ ၅**

အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သည့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)နှင့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား အပေါင်းသုံးနိုင်ငံတို့သည် နိုင်ငံပေါင်းစုံ လွတ်လပ်စွာကုန်သွယ်ခွင့်ဆိုသည့် ၎င်းတို့၏ ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့သည်။

အမေရိကန်နိုင်ငံ၏ အခွန်စည်းကြပ်မှု လုပ်ဆောင်ချက်များသည် ဒေသတွင်းစီးပွားရေးအတွက် ထိုးနှက်ချက်တစ်ခု ဖြစ်လာမည့်အပေါ် စိုးရိမ်စိတ်များ မြင့်တက်လာချိန်တွင် ယခုလို နိုင်ငံပေါင်းစုံ လွတ်လပ်စွာကုန်သွယ်ခွင့်ဆိုသည့် ၎င်းတို့၏ ကတိကဝတ်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။



မေ ၄ ရက်က အီတလီနိုင်ငံတွင် ကျင်းပခဲ့သော ယင်းအစည်းအဝေးအတွင်း အာဆီယံ အပေါင်းသုံးနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများသည် ပူးတွဲကြေညာချက်တစ်ခုကို ပြုစုခဲ့ကြသည်။ ဒေသတွင်းစီးပွားရေးမျှော်မှန်းချက်သည် မြင့်မားလာသည့်မသေချာမရေရာမှုများအပေါ် မူတည်နေကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ကိုယ်ကျိုးစီးပွား ကာကွယ်သည့် ကုန်သွယ်မှု ပိုပြီးပြင်းထန်လာခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေပြီး စီးပွားရေးကို အစိတ်စိတ်အမြွှာမြွှာကွဲစေကာ ဒေသတွင်း ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုနှင့် ငွေစီးဆင်းမှုများအပေါ် အကျိုးသက်ရောက်မှုများ ရှိစေကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဓိကအချက်များကို မဏ္ဍိုင်ပြုခြင်းနှင့်အတူ စည်းမျဉ်းစည်းကမ်းများကို အခြေခံသော၊ ခွဲခြားဆက်ဆံခြင်း မရှိသော၊ လွတ်လပ်သော၊ မျှတသော၊ ပွင့်လင်းသော၊အားလုံးပါဝင်သော၊ ထင်သာမြင်သာရှိသော နိုင်ငံစုံ ကုန်သွယ်မှုစနစ်အတွက် ၎င်းတို့၏ ကတိကဝတ်ကို အပြည့်အဝ အကောင်အထည်ဖော်ရန် အရာရှိများက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

အရာရှိများက ဒေသတွင်း ကုန်သွယ်မှုနှင့် ငွေစီးဆင်းမှုများကို ပိုမိုအားကောင်းအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ထပ်မံဖော်ပြထားသည်။

အစည်းအဝေး အပြီးတွင် အမေရိကန်၏ အခွန်စည်းကြပ်မှုအစီအစဉ်များကို ပြန်လည်သုံးသပ်ရန် ပြင်းပြင်းထန်ထန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး ကာတိုကတ်ဆုနိုဘူက သတင်းထောက်များကို ပြောကြားသည်။

အာဆီယံအပေါင်း သုံးနိုင်ငံမှ အရာရှိများသည် ဒေသတွင်း နိုင်ငံများနှင့်သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ အတွေးအမြင်များကို ဖလှယ်သင့်ကြောင်းနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘောဒီးယားနိုင်ငံ၌ တစ်နှစ်လျှင် ကင်ဆာရောဂါကြောင့် လူပေါင်း ၁၄၀၀၀ ခန့် သေဆုံးမှုဖြစ်ပွား

**ဖနောင်ပင် မေ ၅**

ကမ္ဘောဒီးယားနိုင်ငံ၌ တစ်နှစ်အတွင်း ကင်ဆာရောဂါဝေဒနာကြောင့် သေဆုံးသူ ၁၄၀၀၀ ခန့်နှင့် ရောဂါဖြစ်ပွားသူ အသစ် ၂၀၀၀၀ ခန့် ရှိသည်ဟု ဝန်ကြီးချုပ် ဟွန်မာနက်က မေ ၅ ရက်တွင် ပြောကြားသည်။



ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်။

အဆိုပါ အရေအတွက်မှာ နိုင်ငံ့လူဦးရေ ၁၇ သန်းနှင့် နှိုင်းယှဉ်လျှင် မြင့်မားကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ်က ၂၀၂၅-၂၀၃၀ အမျိုးသားကင်ဆာရောဂါထိန်းချုပ်ရေး စီမံကိန်း စတင်သည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။ ယင်းစီမံကိန်းက ကင်ဆာရောဂါဖြစ်ပွားမှုများနှင့် သေဆုံးမှုများကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်ပြီး ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ခြင်း၊ စစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်း၊ ကုသခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်း စသည့်ဝန်ဆောင်မှုများကို ဆောလျင်စွာ ရရှိစေနိုင်မည် ဖြစ်သည်။

ပြည်သူများအနေဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို လျှော့ချရန် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များနှင့် ပရိုတင်းဓာတ် ကြွယ်ဝသော အစားအစာများကို မျှတစွာစားသုံးသင့်ပြီး ကိုယ်လက်လှုပ်ရှားမှုများကို ပုံမှန်ပြုလုပ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ထို့အပြင် ကင်ဆာရောဂါ ဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများ ပါဝင်လာနိုင်မှုအပေါ် ကြိုတင်ကာကွယ်ရန်အတွက် အစားအစာများ၊ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးကို ပုံမှန်စစ်ဆေးဆောင်ရွက်ရန် ၎င်းက သက်ဆိုင်ရာ အာဏာပိုင်များကို တိုက်တွန်းထားသည်။

ကျန်းမာရေးဝန်ကြီး ချအန်းရာက ကမ္ဘောဒီးယားနိုင်ငံတွင် အသည်းကင်ဆာမှာ အဖြစ်အများဆုံး ကင်ဆာအမျိုးအစားဖြစ်ကြောင်းပြောသည်။ ယင်းနောက်တွင် အဆုတ်၊ ရင်သား၊ အူမကြီးနှင့် သားအိမ်ခေါင်း ကင်ဆာရောဂါများမှာ အဖြစ်များကြောင်း သိရသည်။ ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံ၌ နေ့စဉ် ကင်ဆာရောဂါကြောင့် လူပေါင်း ၃၈ ဦးခန့် သေဆုံးမှုရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် အိုင်အက်စ်နှစ်ဦးသေဆုံး

**ဘဂ္ဂဒက် မေ ၅**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ မေ ၄ ရက်က တိုက်ပွဲဖြစ်ပွားသဖြင့် အိုင်အက်စ်စစ်သွေးကြွနှစ်ဦးသေဆုံးပြီး အီရတ်လုံခြုံရေးအဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ၄၀ ကီလိုမီတာခန့်အကွာ တာမီယာ့ဒေသ၌ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရန် ပူးတွဲစစ်ဆင်ရေးတစ်ခု ပြုလုပ်ချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းဖြစ်ကြောင်း ဘဂ္ဂဒက်ရဲတပ်ဖွဲ့ဌာနချုပ်မှ ဗိုလ်မှူး အက်ဆမ် ယာ့ယာက ဆင်ဟွာသို့ ပြောကြားသည်။

အဆိုပါတိုက်ပွဲအတွင်း အိုင်အက်စ်စစ်သွေးကြွ နှစ်ဦးသေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း၊ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျန်ရှိနေသည့်စစ်သွေးကြွများကို ရှာဖွေရေးစစ်ဆင်ရေးကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ယာ့ယာက ပြောကြားသည်။

အီရတ်က ၂၀၁၇ ခုနှစ်အတွင်း အိုင်အက်စ်တို့ကို အနိုင်ရရှိကြောင်း ကြေညာခဲ့သော်လည်း အိုင်အက်စ်လက်ကျန်များက မြို့ပြများ၊ သဲကန္တာရများနှင့် ဝေးလံခေါင်သီသောဒေသများရှိ အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်ကို တိုက်ခိုက်မည်ဆိုပါက လက်တုံ့ပြန်တိုက်ခိုက်ရန် တွန့်ဆုတ်နေမည်မဟုတ်ဟု အီရန်ကာကွယ်ရေးဝန်ကြီး အဇစ်နာဆာဇာဒေး ပြောကြား

**တီဟီရန် မေ ၅**

အမေရိကန် သို့မဟုတ် အစ္စရေးနိုင်ငံက အစ္စလာမ္မစ်သမ္မတနိုင်ငံကို စတင်တိုက်ခိုက်ခဲ့မည်ဆိုပါက အီရန်နိုင်ငံအနေဖြင့် အမေရိကန်နှင့် အစ္စရေးတို့၏ စစ်အခြေစိုက်စခန်းများ၊ စစ်သည်တော်များကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး အဇစ်နာဆာဇာဒေးက သတိပေးပြောကြားလိုက်သည်။

ဟူသီအဖွဲ့ကို ထောက်ပံ့ပေးမှုများအတွက် အကျိုးဆက်ကို အီရန်နိုင်ငံက ပေးဆပ်ရမည်ဟု သတိပေးခဲ့သော အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီသ်ဟက်ဂ်ဆက်၏ မကြာသေးမီက ခြိမ်းခြောက်ပြောကြားမှုကို တုံ့ပြန်သည့်အနေဖြင့် မေ ၄ ရက်တွင် ဖော်ပြခဲ့သည့် အီရန်နိုင်ငံပိုင် IRIB သတင်းဌာနနှင့် မေးမြန်းခန်းတွင် အီရန်ကာကွယ်ရေးဝန်ကြီးက ထိုကဲ့သို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်း ဖြစ်သည်။



အီရန်ကာကွယ်ရေးဝန်ကြီး အဇစ် နာဆာဇာဒေး။

အီရန်နိုင်ငံသည် စစ်အခြေစိုက်စခန်းများတွင် ဒုံးလက်နက်အမြောက်အမြား ထိန်းသိမ်းထားရှိကြောင်းနှင့် နိုင်ငံကို စစ်ပွဲဆင်နွှဲပါက ဒေသတွင်း ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ရန် အဆိုပါဒုံးလက်နက်များကို အသုံးပြုရန် တွန့်ဆုတ်နေမည် မဟုတ်ကြောင်း ၎င်းက ဆက်ပြောသည်။

အမေရိကန်က အီရန်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းရန် လမ်းကြောင်း ဖွင့်ထားသည်ဟု ဆိုသော်ငြား အခြားတစ်ဖက်တွင် နည်းလမ်းပေါင်းစုံအသုံးပြုပြီး အီရန်ကို ခြိမ်းခြောက်နေသည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး အဇစ် နာဆာဇာဒေးက ဝေဖန်ခဲ့သည်။ ထို့အပြင် ယီမင်နိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၎င်း၏ ဆုံးဖြတ်ချက်ကို ၎င်းကိုယ်တိုင် ချမှတ်နိုင်သည့်အတွက် အမေရိကန်အနေဖြင့် အနောက်အာရှဒေသတွင် ပြဿနာများ ဖန်တီးခြင်းကို ရှောင်ရှားသင့်သည်ဟု ၎င်းက ပြောသည်။

**ဆင်ဟွာ**

# ဂါဇာတစ်ဝန်း အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၉ ဦးထက်မနည်းသေဆုံး

**ဂါဇာ မေ ၅**

ဂါဇာကမ်းမြောင်ဒေသတစ်ဝန်း အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၉ ဦးထက်မနည်းသေဆုံးပြီး ဒါဇင်နှင့်ချီကာ ဒဏ်ရာရရှိကြောင်း ပါလက်စတိုင်းအရပ်ဘက်ကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

အစ္စရေးက ဂါဇာမြို့မြောက်ပိုင်း အယ်ခါရာမာဒေသရှိ လူနေတိုက်ခန်းပေါ်သို့ တိုက်ခိုက်မှုပြုလုပ်ရာ သေဆုံးသူ ၁၅ ဦးကို ပြန်လည်တွေ့ရှိခဲ့ပြီး ၁၀ ဦးကျော်ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အာဏာပိုင်များ၏ ပြောရေးဆိုခွင့်ရှိသူ မာမွတ် ဘတ်ဆယ်က ဆိုသည်။ မြို့တော်သို့ တိုက်ခိုက်မှုများ နောက်ထပ်ပြုလုပ်မှုကြောင့် ငါးဦးသေဆုံးပြီး ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း သိရသည်။

ဆက်လက်ပြီး ဂါဇာမြောက်ပိုင်း ဘက်လာ့ဟီယာမြို့၌ အစ္စရေးတို့၏ နောက်ထပ်တိုက်ခိုက်မှုကြောင့် ခုနစ်ဦးသေဆုံးကြောင်း၊ ထို့ပြင် ဂါဇာတောင်ပိုင်း ခန်းယူနစ်မြို့ အနောက်ဘက်သို့ အစ္စရေးက ဆက်လက်တိုက်ခိုက်ရာ နှစ်ဦးသေဆုံးကြောင်း ဘတ်ဆယ်က ဆက်လက်ပြောကြားသည်။

အစ္စရေးတို့က ဂါဇာသို့ မတ် ၁၈ ရက်က စစ်ဆင်ရေးများ ပြန်လည်ပြုလုပ်ချိန်မှစကာ ပါလက်စတိုင်း သေဆုံးသူ ၂၄၅၉ ဦးနှင့် ဒဏ်ရာရရှိသူ ၆၅၆၉ ဦးရှိမှုနှင့်အတူ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ ပါလက်စတိုင်းသေဆုံးသူစုစုပေါင်း ၅၂၅၆၇ ဦးရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက်ကျန်းမာရေးအာဏာပိုင်များက မေ ၅ ရက်တွင် ပြောကြားသည်။

**ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက်(၂၅) နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောဗိုလ်လုပွဲ ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားရုံ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးသည်။

အဆိုပါ ဗိုလ်လုပွဲများ၌ အမျိုးသားပြိုင်ပွဲတွင် ဗိုလ်တထောင် ခရိုင်အသင်းနှင့် အလုံခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလုံခရိုင်အသင်းက ဗိုလ်တထောင် ခရိုင်အသင်းကို သုံးပွဲ၊ တစ်ပွဲဖြင့် လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အင်းစိန်ခရိုင်အသင်းက အလုံခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။ ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ကျင်းပရာ အမျိုးသား အမျိုးသမီး စပေးဘောဆု၊ ပင့်ထောင်ဆု၊ ခုခံဆယ်မဆု၊ ပိတ်ဆို့ဆု၊ ရိုက်ခုပ်ဆုရ၊ ပွဲစဉ်တစ်လျှောက်ဆု အကောင်းဆုံးဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များက လည်းကောင်း၊ အမျိုးသမီးတတိယဆုရ သန်လျင်ခရိုင်အသင်း၊ အမျိုးသားတတိယဆုရ မင်္ဂလာဒုံအသင်း၊ အမျိုးသမီးဒုတိယဆုရ အလုံခရိုင်အသင်း၊ အမျိုးသားဒုတိယဆုရ ဗိုလ်တထောင် ခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်သည်။



ထို့နောက် အမျိုးသမီး ပထမတံခွန်စိုက်ဆုရ အင်းစိန်ခရိုင်အသင်း၊ အမျိုးသားပထမဆုရ အလုံခရိုင်အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလား ချီးမြှင့်သည်။ ယင်းပြိုင်ပွဲတွင် အမျိုးသား ၁၄ သင်း၊ အမျိုးသမီး လေးသင်းတို့သည် ဧပြီ ၂၉ ရက် မှ မေ ၅ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# ငလျင်ဘေးသင့် ပြည်သူများအတွက် ပဲခူးတိုင်းဒေသကြီးမှ MSME ထုတ်ကုန်များကို အရောင်းယာဉ်ဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် မေ ၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသုံးကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် ယနေ့မှစတင်ကာ တစ်လတာ အရောင်းယာဉ်ဖြင့် လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နေပြည်တော် ကောင်စီကဝန်ထမ်းတွေအတွက် ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းက MSME ထုတ်ကုန်ပစ္စည်းတွေကို ဒီနေ့ စတင်ရောင်းချပါတယ်။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ စီစဉ်မှု၊ နေပြည်တော်ကောင်စီရဲ့ ကြီးကြပ်မှုနဲ့ ငလျင်ဘေးသင့် ဝန်ထမ်းတွေ၊ ပြည်သူတွေကို သက်သာတဲ့ဈေးနှုန်းနဲ့ လှည့်လည်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ တစ်လတာလုံး ရောင်းချပေးသွားမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဗိုလ်က ပြောသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်မှ MSME ထုတ်ကုန်များကို စုစည်းကာ လာရောက်ရောင်းချပေးခြင်းဖြစ်ပြီး MSME ထုတ်ကုန်ပစ္စည်း ၁၅၀ ကျော် ပါဝင်ကြောင်း သိရသည်။



အဆိုပါ MSME ထုတ်ကုန်ပစ္စည်းများကို ဝန်ကြီးဌာနများနှင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်များကို နေ့ရက်အလိုက် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းမင်းအောင်(သတင်းစဉ်)**

## မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့် အင်းလေးဒေသသို့ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက အလှူငွေများလှူဒါန်း

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ၊ ရှမ်းတောင်ဇုန် ဥက္ကဋ္ဌ ဦးမျိုးမင်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့သည် မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့် အင်းလေးဒေသသို့ယနေ့နံနက်ပိုင်းက သွားရောက်၍ အဆောက်အအုံများ၏ ပြိုကျပျက်စီးမှု အခြေအနေများကို ကြည့်ရှုလေ့လာပြီး အားပေးစကားပြောကြားကာ ငလျင်ဘေးအန္တရာယ်ကြောင့် ပျက်စီးယိုယွင်းသွားသော အင်းလေးဒေသအတွင်း ဘုန်းကြီးကျောင်းများ၊ ငလျင်ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က ဧပြီလအတွင်းက အလှူငွေများနှင့်စားသောက်ဖွယ်ရာများ လှူဒါန်းသည်။ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်)သို့ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)မှလည်း အလှူငွေများနှင့် ရေသန့်ကတ်များကို သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



## လယ်ဝေးမြို့နယ်အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအား အလှူငွေများ ပေးအပ်လှူဒါန်း

**လယ်ဝေး မေ ၅**

လယ်ဝေးမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက အင်တိုင်းသာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်သာသနာရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် မြို့နယ်သာသနာရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအား ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဂိုဏ်းပေါင်းစုံ မြို့နယ်အသီးသီး၊ ကျောင်းတိုက်အသီးသီးတို့မှ လှူဒါန်းငွေကျပ် ၄၂၈၅၂၀၀၀ လှူဒါန်းမှုကို ရှင်းလင်းမိန့်ကြားသည်။ ထို့နောက် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများကတစ်ဆင့် ပေးအပ်လှူဒါန်းရာ လုံးဝပြိုကျပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလျှင် အလှူငွေကျပ်ခြောက်သိန်း နှစ်ထောင်စီဖြင့် ဘုန်းတော်ကြီးကျောင်း ၂၆ ကျောင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် ဘုန်းတော်ကြီးကျောင်းများကို တစ်ကျောင်းလျှင် အလှူငွေကျပ် သုံးသိန်းလေးသောင်းစီဖြင့် ကျောင်းပေါင်း ၈၀ အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငလျင်ဘေးသင့်ဒေသ ပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဧပြီ ၅ ရက်အထိ သေဆုံးသူ ၃၇၈၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၈၈ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၂ ဦး အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၄ ရက် ညနေ ၅ နာရီမှ မေ ၅ ရက် ညနေ ၅ နာရီအတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် Japanese Red Cross Society ကလှူဒါန်းသည့် ဆေးနှင့် ဆက်စပ်ပစ္စည်းများ (၂ ဒသမ ၆၂၅) တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထူးခြားဆန်းပြား ကဆုန်လအကြောင်း သိကောင်းစရာ

**တင်ထက်ထက်ဇော်**

ကဆုန်လပြည့်နေ့သည် မြတ်ဗုဒ္ဓ၏ ဖွား၊ ပွင့်၊ ပေါ၊ စံဆိုသည့် နေ့ထူးနေ့မြတ်ကြီးတွေ ဖြစ်ပေါ်ခဲ့သောကြောင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရှိသည့် နေ့တစ်နေ့ ဖြစ်ပါသည်။ ကဆုန်လပြည့်နေ့တွင် ကျင်းပသည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းခြင်း၊ ဇီဝိတဒါနအဖြစ် ငါးသက်စေ့လွှတ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း စသည်ဖြင့် ဗုဒ္ဓဘာသာဝင်တို့ အစဉ်အလာမပျက် ကျင့်သုံးလျက်ရှိကြပါသည်။

သို့သော် ကဆုန်လ၏ ထူးခြားဆန်းပြားပုံများ အကြောင်းကိုမူ သိသူနည်းသည်။ သို့ပါ၍ အောက်ပါအတိုင်း အကျယ်တဝင့် ရေးသားဖော်ပြလိုက်ရပါသည်။




**ထူးခြားဆန်းပြား ကဆုန်လအကြောင်း သိကောင်းစရာ**

မြန်မာအဘိဓာန်ကြီးတွင် ဖော်ပြသော ဆယ့်နှစ်လရာသီ အရပ်၊ ပွဲ၊ နက္ခတ်ပြဇယားအရ ကဆုန်လ၏ရာသီမှာ "ပြိဿရာသီ"၊ ရာသီရုပ်မှာ "နွားလား"၊ ရာသီပွဲမှာ "ညောင်ရေသွန်းပွဲ"၊ ရာသီပန်းမှာ "စံကားပန်း" ၊ စန်းယှဉ်နက္ခတ်မှာ "ဝိသာခါနက္ခတ်" ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် ကဆုန်လနှင့် ကဆုန်လပြည့်နေ့ကို "လ၏ ပန္နရသီ ပုဏ္ဏာတိထီ" ပြည့်ညီသောကြောင့် လည်းကောင်း၊ ဂိမှာန်ဥတု၊ နွေရာသီအချိန်အခါ အချက်အချာအလယ်ကာလ ဖြစ်သောကြောင့် လည်းကောင်း၊ ကောင်းကျိုးတရားကို ထူးခြားစွာပေးနိုင်သည့် "ဝိသာခါနက္ခတ်" နှင့် "စန်း" ဟုခေါ်သော တနင်္လာဂြိုဟ် ငွေလမင်းတို့ ယှဉ်တွဲလျက် ထွန်းပေါ်လာသည့်အခါ ဖြစ်သောကြောင့်လည်းကောင်း "အထူးကဲဆုံး" "အမြင့်မြတ်ဆုံးအချိန်ကာလဖြစ်သည်" ဟူ၍ ရှေးပညာရှိများက ညွှန်းဆိုကြပါသည်။

ထို့ကြောင့် မြန်မာပြက္ခဒိန်၏ ဒုတိယလဖြစ်သော ကဆုန်လသည် ဆယ့်နှစ်လရာသီများအနက် ဗုဒ္ဓဘာသာဝင်တို့၏ မွန်မြတ်ထူးခြားလှသော လတစ်လဟု ဆိုရပေမည်။ ထို့ပြင် "ကဆုန်လပြည့် ဗုဒ္ဓနေ့" ဟူသော ဝိသေသထူးရှိနေပါသည်။ ပုဂံကျောက်စာတွင် ကုဆုန်ဟူသော အရေးအပြင် ခူဆုန်၊ ခုဆုန်ဟူသော ကွဲလွဲချက်များကို တွေ့ရသော်လည်း သဘောမှာ အတူတူဖြစ်သည်။ 'ကု' သည် 'ရေ' ဟုအဓိပ္ပာယ်ရပြီး 'ဆုန်' မှာ 'သွန်းလောင်းခြင်း' အဓိပ္ပာယ်ရှိသည့်အတွက် အလွန်ပူပြင်းသည့် နွေရာသီ၏ အပူဒဏ်ကြောင့် သစ်ပင်ကြီးငယ်တို့ကို ရေလောင်းပေးရသည်ဟု ဆိုခြင်းဖြစ်သည်။ ညောင်ရေသွန်းပွဲကို ကဆုန်လပြည့်နေ့တွင် ကျင်းပကြသည်။

ကဆုန်လသည် ရေများခန်းခြောက်ကာ ရေအရှားပါးဆုံး "လ" တစ်လဖြစ်နေသောကြောင့် ရှေးလူတို့သည် ဘုရားအလောင်းတော်ဘုရားအဖြစ်သို့ ရောက်တော်မူရာတွင် မဟာဗောဓိပင်မှ ကူးယူစိုက်ပျိုးခဲ့သော မဟာဗောဓိပင်ကြီး ရေခန်းခြောက်မှုကြောင့် သေဆုံးမသွားစေရန် ရေအပြတ်လတ်ဆုံးဖြစ်သော ဤကဆုန်လတွင် ညောင်ရေသွန်းလောင်း၍ ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ညောင်ရေသွန်းခြင်းအပြင် ဗုဒ္ဓနေ့သရုပ်ဖော်မှု ကိစ္စတစ်ရပ်ရှိပါသည်။ ၎င်းမှာ ဗုဒ္ဓရုပ်ပွားတော်များအား အနေကဇာတင်ခြင်း ဖြစ်ပါသည်။

ကဆုန်လ ညောင်ရေသွန်းလောင်းခြင်းနှင့် ပတ်သက်၍ လောကဗျူဟာ အင်ရုံစာတမ်းတွင် ထူးခြားသော မှတ်ချက်တစ်ခုကို ယခုလို လေ့လာသိရပါသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဆိုရိုးစကားအတိုင်း နွေကာလ၏ အပူဆုံးလများဖြစ်၍ ရေများခန်းခြောက်သည်။ ရမည်းသင်းမင်းတရားလက်ထက်တွင် ကဆုန်လ မိုးမရွာ၍ အိပ်မက်မြင်မက်ရာ၊ ထိုအိပ်မက်ထဲကအတိုင်း ပတ္တမြားစေတီဘုရား၌ ညောင်ရေသွန်းခြင်းကိစ္စကို စီရင်သည်။ ညောင်ရေသွန်းပြီးနောက် နန်းတော်သို့ အပြန်မှာပင် မိုးသည်းစွာရွာချသည်။ ထိုအချိန်ကစ၍ ပတ္တမြားစေတီဘုရားညောင်ရေကို နှစ်စဉ်မပြတ် သွန်းလောင်းခဲ့ကြောင်းနှင့် မိုးခေါင်ရေရှားအရပ်များတွင် မိုးကြီးရွာချစေရန် ညောင်ရေသွန်းသော ဓလေ့ရှိခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

**ထူးခြားဆန်းပြားသော ကဆုန်လ**

ကဆုန်လနှင့်ဆက်စပ်၍ မှတ်သားဖွယ်(၁၆)ချက်ရှိပါသည်။ ၎င်းတို့မှာ -

(၁) အလောင်းတော် သုမေဓာသည် ဒီပင်္ကရာမြတ်စွာဘုရားထံ နိယတဗျာဒိတ်ခံယူသောလ။
(၂) အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောလ (ခရစ်တော်မပေါ်မီ ၆၂၃ ဝိသာခါ (ကဆုန်လ) ၏ လပြည့်နေ့တွင် လုမ္ဗိနီအင်ကြင်းတောမှာ ဖွားမြင်တော်မူခဲ့သည်)။
(၃) တောထွက်တော်မူသောလ၊
(၄) သစ္စာလေးပါးနှင့်တကွ ဘုရားအဖြစ်ကို ရယူသောလ၊
(၅) ပရိနိဗ္ဗာန် စံဝင်တော်မူသောလ၊
(၆) ဗောဓိပင်မြတ်ကို ညောင်ရေဓာတ် သွန်းလောင်းသောလ၊
(၇) စံကားပန်းပွင့်သောလ၊
(၈) ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ ပြည့်သောလ၊
(၉) တံငါတာရာထွန်းသောလ(သက္ကဋ္ဌနက္ခတ္တဒီပနီအလို ဆင်တာရာထွန်းသောလ)၊
(၁၀) နေ့ ၃၂ နာရီ၊ ည ၂၈ နာရီရှိ၍ ညတာတိုသောလ၊
(၁၁) ရက်စုံသတ်သောလ (ရက်သုံးဆယ်ရှိသောလ)၊
(၁၂) နဂါးဦးခေါင်း အနောက်မြောက်မှာ ဝမ်းပြင်တောင်ခွင် ကျောသားမြီးကား အရှေ့သို့ထားသောလ၊
(၁၃) စနေနှင့် ကြာသပတေး ရက်ရာဇာ၊ ဗုဒ္ဓဟူးနှင့် သောကြာ ပြဿဒါးဖြစ်သောလ၊
(၁၄) နှစ်ဖဝါးဖြင့် မွန်းတည့်သောလ၊
(၁၅) ပြိဿရာသီမည်သောလ၊
(၁၆) ဖွားဖက်တော် ခုနစ်ပါး မွေးဖွားဖြစ်ပေါ်သောလ (ညီတော်အာနန္ဒာထေရ်၊ ဗောဓိပင်၊ ကာလုဒါယီထေရ် သို့မဟုတ် အမတ်၊ ယသောရောမိဖုရား၊ ဆန္နထေရ် သို့မဟုတ် အမတ်၊ ရွှေအိုးကြီးလေးလုံး၊ ကဏ္ဍကမြင်းဖြူတော်) စသည်တို့ ဖြစ်ကြပါသည်။

ထို့ကြောင့် ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၄ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့်တွင် ထူးခြားချက်အပေါင်းနှင့် ပြည့်စုံသော ကဆုန်လပြည့်နေ့ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် သတ်မှတ်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရေးအဆိုကို ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းခဲ့သည်။ (၅၄) ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းသော ယင်းအဆိုကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၄ နိုင်ငံက ထောက်ခံခဲ့ကြသည်။ ဤသို့ဖြင့် ကဆုန်လပြည့်နေ့ကို အပြည်ပြည်ဆိုင်ရာ ရုံးပိတ်ရက် (Vesak Universal Holiday)အဖြစ် ကုလသမဂ္ဂကသတ်မှတ်ပေးခဲ့သည်။

အချုပ်ဆိုရသော် ကဆုန်လသည် မြန်မာပြက္ခဒိန်၏ နွေလများထဲမှ ဗဟိုချက်မ အလယ်လဖြစ်၍ ကဆုန်လမှာ ဆွေ့ဆွေ့ခုန်ရလောက်အောင် ရာသီဥတုပူပြင်းပါသည်။ မည်သို့ပင်ဆိုစေကာမူ ကဆုန်လတွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ပွင့်သော "စံကားပန်း"၏ ရနံ့သည် ပူပြင်းသောရာသီကို အန်တုပေးကာ အမှန်တကယ်ပင် အမောပြေလန်းဆန်းစေပါသည်။ သို့ပါ၍ ကဆုန်လတွင် ညောင်ရေသွန်းကြရင်း ရှားရှားပါးပါး ခါတော်မီ ရာသီပန်းတစ်မျိုးဖြစ်သော စံကားပန်းပွင့်လေးများကိုလည်း ဘုရားလှူနိုင်ကြပါစေကြောင်းနှင့် နေ့အပူချိန်မြင့်တက်လျက်ရှိသော ယခုနှစ် နွေရာသီမှာ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းလှူပြီး မြန်မာပြည်သူ၊ ပြည်သားအားလုံး ကြည်သာရွှင်ပြ အေးမြကြပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ရပါသည်။ ။

"ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဆိုရိုးစကားအတိုင်း နွေကာလ၏ အပူဆုံးလများဖြစ်၍ ရေများခန်းခြောက်သည်။ ရမည်းသင်းမင်းတရားလက်ထက်တွင် ကဆုန်လ မိုးမရွာ၍ အိပ်မက်မြင်မက်ရာ၊ ထိုအိပ်မက်ထဲကအတိုင်း ပတ္တမြားစေတီဘုရား၌ ညောင်ရေသွန်းခြင်းကိစ္စကို စီရင်သည်။ ညောင်ရေသွန်းပြီးနောက် နန်းတော်သို့အပြန်မှာပင် မိုးသည်းစွာရွာချသည်။ ထိုအချိန်ကစ၍ ပတ္တမြားစေတီဘုရားညောင်ရေကို နှစ်စဉ်မပြတ်သွန်းလောင်းခဲ့ကြောင်းနှင့် မိုးခေါင်ရေရှားအရပ်များတွင် မိုးကြီးရွာချစေရန် ညောင်ရေသွန်းသော ဓလေ့ရှိခဲ့ကြောင်း လေ့လာမှတ်သားရ



## မိတ္ထီလာမြို့နယ်၌ လျှင်ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ပေးရန် စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မောက်လောက်ကျေးရွာတွင် ငလျင်ဘေးသင့်ပြည်သူများအား စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် ယမန်နေ့က စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်သည့်အဖွဲ့ထံမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် သေဆုံးထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ပြည်သူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသော နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မိတ္ထီလာခရိုင်တို့မှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း ဆောင်ရွက်သည့် အဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များက မောက်လောက်ကျေးရွာရှိ ငလျင်ဘေးသင့်ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုလိုအပ်နေသူများနှင့် စကားပြောဆိုခြင်း၊ လက်ဆောင်များ ပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းကို ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု ရှစ်စုတို့၌ ဧပြီ ၂၅ ရက်မှ မေ ၄ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အောင်မြေဘုံစံ ကျောင်းတိုက်သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့်ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအတွက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများ၊ ပါရမီရပ်ကွက်ရှိ သဏ္ဍာနိမ္မိတ သီလရှင်စာသင်တိုက်၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကြိုကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် စာသင်ဆောင်အဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ရေဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတက္ကသိုလ်ရှိ ငလျင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သော မန်းသပြေကျောင်းဆောင်၊ ထမင်းစားဆောင်၊ ရွှေမန်းကျောင်းသူဆောင်၊ သစ္စာကျောင်းဆောင် အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများ၊ Level-1 အဆင့်စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများကို လိုက်လံကြည့်ရှု၍ ငလျင်ဒဏ်သင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တာဝန်ရှိသူများအား ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအနက် အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပြီးစီးသည့် အဆောက်အအုံများကို ဦးစားပေးအဆင့်အလိုက် ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်နှင့် အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများအား စနစ်တကျပြန်လည်ပြုပြင် ထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဆုတောင်းပြည့် မြတ်စွာဘုရား၊ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ရွှေကူကြီး ဆုတောင်းပြည့်မြတ်စွာဘုရား၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပလစ(၂) အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular House များတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံး၌ Modular House များ ထပ်မံတည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၏ထီးတော်ရှိ စိန်ဖူးတော်နှင့် ထုပိကာတို့အား ပြန်လည်မွမ်းမံပြုပြင်ဆင်နိုင်ရန်အတွက် မဟာမုနိဘုရားကြီးထီးတော်ကြီးအား တန် ၂၀ ဝန်ချီစက်ကြီးဖြင့် ခေတ္တအပူဇော်ခံမည့်နေရာသို့ အဆင့်ဆင့်ပင့်ဆောင်နေမှုတို့အား ပူဇော်ကြည်ညို၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular House များ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံး၌ Modular House များ ထပ်မံတည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ သောက်သုံးရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်ထားရှိရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ရဲစုရပ်ကွက်နှင့် ဆူးကုန်းရပ်ကွက်တို့ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံများအား ယန္တရားများဖြင့် ရှင်းလင်းနေမှု၊ အေးမြကြည်လင်ရပ်ကွက်ရှိ RC သုံးထပ်အဆောက်အအုံသည် နံဘေးတိုက်အပေါ် ယိုင်နဲ့ ထိစပ်နေခြင်းဖြစ်ပေါ်နေသည့် အခြေအနေတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးကြိုးများအား စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်း စစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၆၀၆၇ လုံးအား စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၅၇၇၃ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၉၄ လုံးမှ အဆောက်အအုံ ၂၅၈ လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၃၆ လုံး ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့်ပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် Modular House များ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းရေး အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများလက်ခံပေးပြီး အလှူရှင်များ၊ မြို့မိမြို့ဖများအား Modular House များလှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ ကျောက်သေတ္တာစေတီကြီးကိုလည်း ပြည်သူများအန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် ပြင်ဆင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ Modular House များကိုလည်း အမှန်တကယ်လိုအပ်လျက်ရှိသောနေရာများတွင် တွန်းအားပေးတည်ဆောက်ပေးလျက်ရှိကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိတော့မည်ဖြစ်သဖြင့် ပြည်သူများ၊ ဝန်ထမ်းများ လုံခြုံစွာနေထိုင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ပါရမီရပ်ကွက် သီလရှင်စာသင်တိုက်နှင့် မရှိခဏစေတီတို့သို့သွားရောက်ကာ စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## လှိုင်လင်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**လှိုင်လင် မေ ၅**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို လှိုင်လင်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ယနေ့နံနက် ၉ နာရီက ကျင်းပ ရာ လှိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင် တက်ရောက်အားပေးသည်။



**ဂုဏ်ပြုဆုငွေများ ချီးမြှင့်**

အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အင်အားပြင်းငလျင်ကြောင့် အသက်ဆုံးရှုံးသွားသူများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ကြသည်။ ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပေးပို့သည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မိန့်ခွန်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်က ဖတ်ကြားသည်။ ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသခြင်း၊ မီးငြိမ်းသတ်ရေး စွမ်းရည်သရုပ်ပြသခြင်းများကို ဆောင်ရွက်ကြရာ တပ်နယ်မှူးနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။ အခမ်းအနားအပြီးတွင် တပ်နယ်မှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက လက်ခံယူကြောင်း သိရသည်။

**လှိုင်လင်မိုး**

## မြိတ်မြို့၌ ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်

**မြိတ် မေ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပင်လယ်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း (၁/၂၀၂၅)ကို မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၍ မေ ၅ ရက် နံနက်ပိုင်းက ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးခန်းမ၌ ဖွင့်လှစ်သည်။



ရေလုပ်သားများ နှစ်စဉ်ငါးဖမ်းရာသီကာလများနှင့်အမျှ ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးကြပြီး လုပ်ငန်းခွင်အခက်အခဲများနှင့် ရာသီဥတု/ သဘာဝဘေးအန္တရာယ်များ အစဉ်ကြုံတွေ့ရလေ့ရှိသဖြင့် ရေလုပ်သားများ လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် လုပ်ငန်းခွင်အတွေ့အကြုံ အသိပညာများ ပိုမိုကျွမ်းကျင်မှုရှိစေရန်၊ ဥပဒေ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို သိရှိလိုက်နာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပင်လယ်ပြင်တွင် အောင်သူဇော်-၁၁၇ ဝိုင်းချုပ်ငါးဖမ်းရေယာဉ်မှ ငါးဖမ်းဆီးနေစဉ် လင်းပိုင်ကိုးကောင် ဖမ်းဆီးရမိသဖြင့် ပြန်လည်လွှတ်ပေးခြင်းအတွက် ပဲ့နင်းနှင့်ရေလုပ်သားများအား ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေကျပ်သိန်း ၃၀ကို ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေဆိုင်ရာသိကောင်းစရာများ၊ VMS နှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ ပင်လယ်ငါးဖမ်းရေလုပ်သားများ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရေး၊ အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေးနှင့် တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးခြင်းဆိုင်ရာများ၊ ရှေးဦးပြုစုခြင်းနှင့် မီးဘေးအန္တရာယ်နှင့် မီးငြိမ်းသတ်ခြင်း စသည့် ဘာသာရပ်များကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆွေးနွေးပို့ချခဲ့ကာ သင်တန်းသား ပဲ့နင်းနှင့်ရေလုပ်သား ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

## အောင်လံမြို့နယ် ရွှေသူဌေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန် ကွင်းဆင်းစစ်ဆေး

**အောင်လံ မေ ၅**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရွှေသူဌေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရန် စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။



ရွှေသူဌေး ကျေးရွာတွင် အရှည် ၆ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၈ပေ၊ မြေသားဒုတစ်ပေ၊ သဲပြန့်ဒုကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အလျားခြောက်ပေ၊ အနံ ပေ ၂၀၊ အမြင့်ခြောက်ပေရှိ မြောင်းကူးတံတားတစ်စင်းဆောင်ရွက်နိုင်ရန်အတွက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများသည် မြေပြင်စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်း၊တံတား ဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် လျာထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## မိတ္ထီလာမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**မိတ္ထီလာ မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်စခန်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဦးစွာ မတ် ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးသွားသူများနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နေ့အထိမ်းအမှတ် အမှာစကား ပြောကြားသည်။ ဆက်လက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုဖြစ်စဉ်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စံပြအမြန်လမ်းမီးသတ်စခန်း ပထမဆုရရှိခဲ့သည့် သီးကုန်အမြန်လမ်းမီးသတ်စခန်းမှတာဝန်ရှိသူအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးဦးကျော်ဆန်းနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




## လင်းခေးမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**လင်းခေး မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းတွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်၇ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တက်ရောက်လာသူများအားလုံးက မတ်၂၈ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် အသက်ဆုံးရှုံးသွားသူများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ခဲ့ကြသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးက (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည်။ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ထွန်းလတ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**စိုင်းဇော်လတ်(လင်းခေး)**



## ကော့သောင်းမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ




**ကော့သောင်း မေ ၅**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ကော့သောင်းမြို့ ခရိုင်မီးသတ်ဦးစီးဌာနရုံးက ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဆိုင်ရာ ဂုဏ်ပြုဆုရရှိကြသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများနှင့် တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တာဝန်ရှိသူများက မြေညီထပ်တွင် ပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**ခရိုင်(မြန်/ဆက်)**

## မိုင်းတုံမြို့နယ် မိုင်းဟန်ကျေးရွာ၌ မြစိမ်းရောင်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

**မိုင်းတုံ မေ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းဟန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



မိုင်းဟန်ကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများ ယနေ့ နံနက်ပိုင်းက ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးသည်။

မိုင်းဟန်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို စီမံကိန်း မတည် ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၂၂ ဦးကို (အဋ္ဌမ) ကြိမ်မြောက် ရန်ပုံငွေကျပ် ၃၂ သန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**မောင်ခိုင်**



## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေး လုပ်ငန်းညှိနှိုင်း

**ပင်းတယ မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဓနုဒေသစိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ဒေသစိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကျော်ညွန့်က ဒေသအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ လျာထားချက်ထက် ပိုမိုကျော်လွန်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ထို့နောက် ပင်းတယနှင့် ရွာငံမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးမှူးတို့က ၂၀၂၄- ၂၀၂၅ခုနှစ်တွင် မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ လျာထားဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြခဲ့ကြပြီး မိုင်းအင်ခြံဦးစီးမှူးနှင့် မြင်းကျဒိုးခြံဦးစီးမှူးတို့က စိုက်ပျိုးခြံလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပင်းတယမြို့နယ် ကျုံးကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ တာဝန်ခံတစ်ဦးက ကျောင်း၏ဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ရာ ဒေသစိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်ရှိ ရွာမကျေးရွာ၌ တွင်းဆေး၊ တွင်းမှုတ် လုပ်ငန်းဆောင်ရွက်ပြီးစီး

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ရွာမကျေးရွာနေ ပြည်သူများ၏ ရေတွင်းများကို သန့်ရှင်းသော သောက်ရေသုံးရေများ ဖူလုံစွာ ရရှိစေရန်အတွက် တွင်းဆေး၊ တွင်းမှုတ် ဆောင်ရွက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ရွာမကျေးရွာများ၌ ပုဂ္ဂလိကပိုင် ရေတွင်းများ အပါအဝင် တွင်းတိမ် / တွင်းနက်များကို သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သန့်ရှင်းသော သောက်ရေသုံးရေများ ဖူလုံစွာရရှိနေမှုနှင့် သုံးစွဲနေမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်သူရနှင့် တာဝန်ရှိသူများ မေ ၅ ရက်က ကွင်းဆင်းကြည့်ရှုပြီး ကျေးရွာရှိရေကန်များအတွင်း ကလိုရင်း ဆေးမှုန့်ခတ်ခြင်း၊ ရေသန့်ဆေးများ ဖြန့်ဝေခြင်းများကို ကျေးရွာနေပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။



**၂၂**

### တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီး ပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီလွှာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။



မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ခံစားနေသည့် ပြည်သူများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွဲ့စည်းထားသော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးခြင်းအဖွဲ့ဖြင့် မေ ၄ ရက်က ဇမ္ဗူသီရိမြို့နယ် ယာယီတည်းခိုရေးစခန်းအတွင်းရှိ ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ သိကောင်းစရာများအား ဆွေးနွေးပြောကြားစဉ်။

**ဇော်ဘီ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး အကြမ်းဖက်သမားခြောက်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမား သုံးဦးအား အသေဖမ်းဆီးရမိမှုမှ မှတ်တမ်းဓာတ်ပုံများ။




တရားခံများ(ဝဲမှယာ) ကောင်းရှင်းသန့်(ခ) ပေါက်စီ၊ ဇင်မင်းထွန်း(ခ) ကိုမင်း၊ သက်အောင်ဖြိုး(ခ) ကောင်းကင်၊ ရောင်နီဦး(ခ) ကတုံး(ခ) ရကောက်




တရားခံများ(ဝဲမှယာ) ကျော်စိုးသူ၊ ဇင်ကိုလင်း(ခ) သားချော

# PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့၊ အကြမ်းဖက်သမားခြောက်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမားသုံးဦးအား အသေဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

PDF အမည်ခံအကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများအား လက်နက်အားကိုးဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ကျူးလွန်လျက်ရှိရာ မေ ၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ပုဏ္ဏမီလမ်းနေ မနိုနိုဦးလွင်(၃၃)နှစ်သည် ၎င်း၏နေအိမ်နှင့် တွဲလျက်ဖွင့်လှစ်ထားသည့် Blue Liquor House ဆိုင်၌ မိသားစုဝင်များနှင့်အတူရှိနေစဉ် သေနတ်အတိုများ ကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမားသုံးဦးက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး မနိုနိုဦးလွင်နှင့် ၎င်း၏သားဖြစ်သူ မောင်လက်ာ(၃)နှစ်တို့ နှစ်ဦးအား သေနတ်ပြခြိမ်းခြောက်ကာ ဆိုင်ကယ်များဖြင့် တင်ဆောင်၍ နန္ဒဝန်ရပ်ကွက် နယ်မြေ(၈) ကွမ်းခြံဘက်သို့ ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူနှစ်ဦးအား အကြမ်းဖက်သမားများက ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းရလျှင်ရချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်ခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပြန်ပေးဆွဲမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်ကြသော နန္ဒဝန်ရပ်ကွက် နယ်မြေ(၈)နေ သက်အောင်ဖြိုး(ခ) ကောင်းကင် (၂၃) နှစ် (ဘ) ဦးအောင်လင်း ကိုလည်းကောင်း၊ ယင်းနေ့ ည ၁၀ နာရီ ၃၅ မိနစ်တွင် ကောင်းရှင်းသန့်(ခ) ပေါက်စီ (၁၇)နှစ် (ဘ) ဦးအောင်နိုင်ဝင်း၊ ဇင်မင်းထွန်း(ခ) ကိုမင်း (၁၁) နှစ် (ဘ) ဦးသန်းထွန်းနှင့် ရောင်နီဦး(ခ) ကတုံး(ခ) ရကောက် (၂၆)နှစ် (ဘ) ဦးအောင်ဆန်းတို့ သုံးဦးကို နန္ဒဝန်ရပ်ကွက် နယ်မြေ(၈) ကွမ်းခြံအစပ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့နှစ်ဦးအား ကွမ်းခြံအစပ်နှင့် မြို့ရှောင်လမ်းကြားတွင်ရှိသော သနပ်ခါးခြံအလယ်ရှိ ၎င်းတို့၏ အကြမ်းဖက်စခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ အဆိုပါစခန်း၌ အကြမ်းဖက်အဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့ငယ်များခွဲ၍ တိတ်တဆိတ်ဝင်ရောက်ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားများဖြစ်ကြသည့် ငထူး၊ ချိုကြီးနှင့် ပိုလီယိုတို့ သုံးဦးအား လက်လုပ်သေနတ်နှစ်လက်၊ ကျည်အချို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့အား ဘေးအန္တရာယ်ကင်းရှင်းစွာ ကယ်တင်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအား ပိတ်ဆို့ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ မေ ၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အဆိုပါရပ်ကွက် သုဇာတရုံကျောင်းလမ်း လမ်းသွယ်အရောက်၌ မုံရွာမြို့ မြို့သစ်ရပ်ကွက်နေ ဇင်ကိုလင်း(ခ)သားချော (၃၃)နှစ် (ဘ) ဦးအောင်ကျော်သန်းနှင့် စက်မှုဇုန်ရပ်ကွက်နေ ကျော်စိုးသူ (၃၃)နှစ် (ဘ) ဦးကျော်မျိုးညွန့်တို့ နှစ်ဦးကို MG-1 လက်ပစ်ဗုံးတစ်လုံး၊ ကျည်ကာအင်္ကျီတစ်ထည်၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ကြောဖော်ထုတ်ချက်အရ သက်အောင်ဖြိုး (ခ) ကောင်းကင်၏ နေအိမ်အရှေ့မြေကြီးအတွင်းမှ ဆာလာအိတ်ဖြင့်ပတ်၍ မြှုပ်နှံထားသည့် MA-2 သေနတ်တစ်လက်၊ ဘောက်ဝိုင်းတစ်ခု၊ ၎င်းကျည် ၄၆ တောင့်၊ လက်လုပ်သေနတ်နှစ်လက် (ကျည်အိမ်တပ်လျက်)၊ ၎င်းကျည်လေးတောင့် 91 လက်ပစ်ဗုံးတစ်လုံးတို့အား ဖော်ထုတ်သိမ်းဆည်း ရရှိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့မှုကြောင့် PDF အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲ ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသည့် မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့နှစ်ဦးအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးချုပ်နှောင်အကျပ်ကိုင်ကာ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဥာနပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းသားများအား ထောက်ပံ့ငွေများ ထုတ်ပေး

**ထားဝယ် မေ ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဥာနပေါင်းစုံငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဥာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဥာနနှင့် မြို့နယ်သမဝါယမဦးစီးဥာနတို့မှ အသင်းသားများ၊ ကျန်ဥာနပေါင်းစုံ ၂၀ မှ အသင်းသားများ တက်ရောက်ကြသည်။ အဆိုပါ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းမှ အသင်းသား ၂၄၈ ဦးအား စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၅၇၀၉၁၇၂၊ အစုပေါ်အမြတ်ငွေကျပ် ၇၉၄၈၅၉ နှင့် ထောက်ပံ့ငွေကျပ် ၄၂၈၀၀၀၀ စုစုပေါင်းငွေကျပ် ၂၀၇၈၄၀၃၁ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "War War Naing" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဝါဝါခိုင် (ခ)မညို အား ညနေ ၅ နာရီ မိနစ် ၄၀ တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ ဆေးပဒေသာပင်လှူဒါန်း

**ပုသိမ်ကြီး မေ ၅**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လူနာများအား နေ့လယ်စာ အာဟာရဒါနအလှူနှင့် ဆေးပဒေသာပင်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကင်ဆာဖောင်ဒေးရှင်း၌ ပြုလုပ်သည်။



အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၊ နှင့် မန္တလေးခုနစ်မြို့နယ် မီးသတ်ဦးစီးအရာရှိများနှင့် အရန်မီးသတ်ကြီးကြပ်မှု ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ဆေးပဒေသာပင်အတွက် အလှူငွေများ လှူဒါန်းရာ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း (မန္တလေး) စီမံဒါရိုက်တာ ဒေါ်ခင်အေးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးကိုကိုလေး၊ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာအောင်ဇင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် မြို့မရပ်ကွက် မြို့မအရန်မီးသတ်တပ်ဖွဲ့မှ မန္တလေးလျှင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်ကြပ်ကောင်းစံအား တာဝန်ရှိသူများက ထောက်ပံ့ငွေကျပ် ခုနစ်သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ဒက္ခိဏသီရိ မေ ၅**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်တောရ ဆုတောင်းပြည့်ကျောင်း၌ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး ဦးဆောင်၍ မီးသတ်ဦးစီးဌာန (နေပြည်တော်)နှင့် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်မိသားစုများက ဒက္ခိဏသီရိမြို့နယ် ထန်းတပင်တောရ ဆုတောင်းပြည့်ကျောင်း၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ထန်းတပင်တောရဆုတောင်းပြည့်ကျောင်းတိုက် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဝမ်းတွင်းမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ



**ဝမ်းတွင်း မေ ၅**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပပြီး သံဃာတော်များအား ဆွမ်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းကို မေ ၅ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးဝေဟန်ကျော်က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်က ပေးပို့သော (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့မိန့်ခွန်းကို ဖတ်ကြားသည်။ နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများက သံဃာတော်ငါးပါးအား ပင့်ဖိတ်၍ ငါးပါးသီလခံယူခြင်း၊ နေ့ဆွမ်းနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



## သာစည်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

**သာစည် မေ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းကို ဖတ်ကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံ ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)

# အောင်လံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**အောင်လံ မေ ၅**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အောင်လံမြို့ မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်က ပေးပို့သည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဗီဒီယိုကလစ်ကို ပါဝါပွိုင့်ဖြင့် ပြသသည်။




ဆက်လက်၍ အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်လွင်က လျှောင်ဘေးတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင်က ပြည်သူ့ဆေးရုံကြီးတွင် သွေးလှူဒါန်းခဲ့သည့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

# ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီး၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ စုပေါင်းသွေးလှူဒါန်း



**ပခုက္ကူ မေ ၅**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ပြုလုပ်ရာ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ ဝင်များ တက်ရောက်ကြသည်။

ဦးစွာ သွေးလှူရှင်များအား သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြင်းများ ဆောင်ရွက်ပေးပြီး သွေးလှူရှင် ၂၀ တို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုကို ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

(၅-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၇-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၂၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၀၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**


အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ ရေဝတီတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် ရေဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၆ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၃၆၄၇၁၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Isuzu Giga Truck နှစ်စီး၊ Hino Profia Truck တစ်စီး၊ Charm Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၃၆၄၇၁၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ မေ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၈၈၁၄၇၁၁)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားဘက်မှ တပ်ကုန်းဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဖြတ်ကူးသူအား ဝင်ရောက်တိုက်မိ

**နေပြည်တော် မေ ၅**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ မေ ၃ ရက်က ခရီးသည်တင် မော်တော်ယာဉ်မှ လမ်းဖြတ်ကူးသူ အမျိုးသားနှစ်ဦးအား ဝင်ရောက်တိုက်မိသဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မေ ၃ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် ဇေယျာသီရိမြို့နယ် ဗောဓိမြိုင်ကျေးရွာခုတင်(၅၀)ဆေးရုံအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၃၁ မိုင် ၇ ဖာလုံနှင့် ၂၃၂ မိုင်ကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (နေပြည်တော်) မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပျဉ်းမနားဘက်မှ တပ်ကုန်းဘက်သို့ တပ်ကုန်းမြို့ ဆရာစံရပ်ကွက်နေ ထွန်းထွန်းနိုင်(ခ)အာကာ(၄၀)နှစ် မောင်းနှင်လာသည့် MDY-21 3Q/xxxx HYUNDAI STAREX ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဖြတ်ကူးသူ ပျော်ဘွယ်မြို့နယ် ယုန်ကုန်းကျေးရွာနေ ဦးပြုံးချို(၅၄)နှစ်နှင့် တစ်ရွာတည်းနေ ဦးဝင်းအောင်(ခ) ဇော်ဖိုး(၄၆)နှစ်တို့ နှစ်ဦးအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးပြုံးချိုနှင့် ဦးဝင်းအောင် (ခ) ဇော်ဖိုးတို့တွင် ဒဏ်ရာများ အသီးသီးရရှိကာ သေဆုံးသွားခဲ့သောကြောင့် ထွန်းထွန်းနိုင် (ခ) အာကာ အား ရွှေတွင်းကုန်း မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ မေ ၄ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။


စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ မေ ၄ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် အမှတ်(၁၀၆) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ပင်စင်ကျေးရွာ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့ဘက်မှ ပင်လယ်ဘူးမြို့ဘက်သို့ ပင်လယ်ဘူးမြို့နယ် မိချောင်းအင်းကျေးရွာနေ အောင်နိုင်ဦး(၄၂)နှစ် မောင်းနှင်လာသော MDY-17 RLG-xxxx TOYOTA LANDCRU-ISER PRADO ခဲရောင်ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသောကြောင့် အောင်နိုင်ဦးအား ရွာသစ်ကြီးနယ်မြေရဲစခန်းက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း။

အလားတူ နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် မန္တလေးမြို့ဘက်မှ စစ်ကိုင်းမြို့ဘက်သို့ အောင်မြေသာစံမြို့နယ် ဌာနီအရှေ့ရပ်ကွက်နေ လွင်မင်း (၄၄)နှစ် မောင်းနှင်လာသည့် MDY-12 6P/xxxx MITSUBISHI FUSO ခဲရောင်မော်တော်ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသောကြောင့် လွင်မင်းအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ကော့ကရိတ်မြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် မေ ၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မေ ၄ ရက်က ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ကော့ကရိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၄)ရပ်ကွက်အရောက် မသင်္ကာဖွယ်တွေ့ရှိသူ အမှတ်(၇)ရပ်ကွက်နေ ဂျူနိုက်(ခ)အောင်ကိုဦး (၃၅)နှစ်အား စစ်ဆေးခဲ့ရာ ၎င်း၏လွယ်အိတ်အတွင်းမှ အရိုး/အသွား ၁၇ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဂျူနိုက်(ခ)အောင်ကိုဦးအား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၁ ဒသမ ၆၁၇၂ တန်၊ သစ်မာ ၇ ဒသမ ၄၇၃၂ တန်၊ အခြား ၂၆ ဒသမ ၃၇၆၆ တန် စုစုပေါင်း ၄၅ ဒသမ ၄၆၇၀ တန်၊ ယာဉ်/ ယန္တရား ခြောက်စီး၊ တရားခံ ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့နယ်၌ ၆ ကောင်ဂျင်လောင်းကစားပြုလုပ်နေသူ အမျိုးသမီးနှစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ မေ ၄ ရက်က ၆ ကောင်ဂျင်လောင်းကစားပြုလုပ်နေသူ အမျိုးသမီးနှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် မူဆယ်မြို့နယ် ဟိုမွန်ရပ်ကွက် သိန်းသန်းချီကားကြီးဝင်းနောက်လမ်းပေါ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ သဲစုနွယ်(၂၈)နှစ်နှင့် တစ်ရပ်ကွက်တည်းနေ မယွန်းမေဦး(၂၃)နှစ်တို့အား ၆ ကောင်ဂျင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၂၀၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သဲစုနွယ်နှင့် ယွန်းမေဦးတို့ နှစ်ဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



## အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း သင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် မေ ၅**
အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် တပ်မတော်သား မိသားစုများ၏ သားသမီးများအား နွေရာသီကျောင်းပိတ်ရက်များတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမများနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မော်လမြိုင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ကျောင်းသား ကျောင်းသူများ၏ ၃၈ ဖြာ မင်္ဂလာတရားတော်များ၊ ကဗျာများ၊ တေးသီချင်းများဖြင့် သီဆိုသရုပ်ပြမှုများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးပြီး သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။ အဆိုပါဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၂၂ ရက်မှ ယနေ့အထိ ဖွင့်လှစ် သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ငါး၊ အမဲ၊ ဆိတ်၊ ကြက်၊ ဝက်သားများအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၅**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ငါး၊ အမဲ၊ ဆိတ်၊ ကြက်၊ ဝက်သားများအား ဈေးကားများဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လှည့်လည်ရောင်းချရာတွင် မေ ၅ ရက်မှစ၍ ငါးမြစ်ချင်း ပိဿာ ၁၀၀၊ အမဲသား ပိဿာ ၃၀၀၊ ဆိတ်သား ပိဿာ ၁၀၀၊ ကြက်သား(အကောင်လိုက်အမွေးနုတ်ပြီး) ပိဿာ ၂၀၀၊ ဝက်သားပိဿာ ၁၀၀ တို့ကို သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချခဲ့ကြောင်းနှင့် အပတ်စဉ်တနင်္လာနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်း ဝင်ရောက်သည်နှင့် အအေးဓာတ်ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခများစွာ ကျစေပါမည်။
- ➢ လိုအပ်ချိန်မှ ဖွင့်သင့်ပါသည်။

### ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အ-လ-က(ခွဲ)ကြောင်ပျောက် မှ Grade-7 အောင်မြင်ထားသော မသွဲ့ကလျာလင်း ၏ဖခင် ဦးမျိုးနိုင်ဦး ၏ အမည်မှန်မှာ ဦးမျိုးမင်းထွန်း (၈/မကန(နိုင်) ၁၁၇၄၇၈) ဖြစ်ပါကြောင်း ။

**ဦးမျိုးမင်းထွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဓနိတန်းလမ်းနေ (ဘ) ဦးဘသိန်း ၏သမီး မကြည်ကြည်စိန်(ခ)မအေးအေးစု ၁၄/ပသန(နိုင်)၀၂၄၄၃၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မကြည်ကြည်စိန်(ခ)အေးအေးစု**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 55W/55071 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသော်တာလင်း ၈/အလန(နိုင်) ၁၀၃၅၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(၄ယ/၃၃၈၂၇) Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီငြေး ၈/ပမန(နိုင်)၀၄၅၃၄၀ က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန် ။

**ကညန၊ တိုင်းရုံး (မကွေး)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး (၅)ငွေစာရင်းဌာနစိတ်နှင့် ဖုန်း-၀၉-၇၉၇၈၅၂၆၉၃၊ ၀၉-၄၄၆၅၀၈၃၉၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ပစ္စည်းတန်ဖိုးအပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့် ညွှန်ကြားရေးမှူးရုံးဝင်း၊ တည်ဆောက်ရေး(၅)၊ (ဓမ္မာရုံ)၊ ဘဲကုန်းဝင်း၊ ပျဉ်းမနားမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ (က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်/အချိန် (Profile အထောက်အထားများ တင်ပြရမည်။)** - ၈-၅-၂၀၂၅ ရက်၊ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
(ခ) **လျှောက်လွှာအရောင်း ပိတ်မည့်ရက်** - ၁၆-၅-၂၀၂၅ ရက်၊ ညနေ ၄:၃၀နာရီ
(ဂ) **တင်ဒါဖွင့်မည့် ရက်/အချိန်** - ၂၀-၅-၂၀၂၅ရက်၊ နံနက် ၁၀:၀၀နာရီ
(ဃ) **တင်ဒါဖွင့်ဖောက် စိစစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း (ဓမ္မာရုံ)၊ ဘဲကုန်းဝင်း တည်ဆောက်ရေး(၅)၊ ပျဉ်းမနားမြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊**
**တည်ဆောက်ရေး(၅)၊ နေပြည်တော်**

### မီးဘေးရှောင် မလောင်ခင်တား

## လပွတ္တာခရိုင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဖွင့်ပွဲကျင်းပ

**လပွတ္တာ မေ ၅**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် (၃)မိုင်မြို့ (၁)ရပ်ကွက် စိန်ပန်းပြာလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက သင်တန်းဖွင့်ပွဲ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၁၂)၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၁၉)၊ ဂဟေသင်တန်းအမှတ်စဉ်(၁၉)၊ မော်တော်ယာဉ်စက်ပြင်သင်တန်းအမှတ်စဉ် (၁၄) နှင့် လက်ကိုင်ဖုန်းပြင်သင်တန်းအမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက သင်တန်းအဖွင့်အမှာစကားပြောကြားခြင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှု လက်မှုပညာသင်တန်းကျောင်းတွင် သင်တန်းသား ၃၅ ဦးတို့ဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်

**ရန်ကုန် မေ ၅**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့ နံနက်ပိုင်းက အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် ဖောင်တော်ဦးဘုန်းကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။ **(ဝဲပုံ)**




ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးညီညီစိုး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အသက်(၁၆-၁၈) နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများနှင့် အသက် (၁၈) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူ စုစုပေါင်း ၅၃ ဦးအား ဆောင်ရွက်ပေးပြီး အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

### နေ့အပူချိန် မြင့်မားခဲ့သော စခန်းများ၏ ၅-၅-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန်ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန်ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၀.၅ | ၁၀၄.၉ |
| ၂။ | မြင်းမူ | ၄၀.၄ | ၁၀၄.၇ |
| ၃။ | ညောင်လေးပင် | ၄၀.၀ | ၁၀၄.၀ |
| ၄။ | ပြည် | ၄၀.၀ | ၁၀၄.၀ |
| ၅။ | မကွေး | ၃၉.၁ | ၁၀၂.၄ |
| ၆။ | နေပြည်တော်(ဇေယျာသီရိမြို့နယ်) | ၃၉.၀ | ၁၀၂.၂ |
| ၇။ | မြင်းခြံ | ၃၉.၀ | ၁၀၂.၂ |
| ၈။ | ရွှေဘို | ၃၉.၀ | ၁၀၂.၂ |
| ၉။ | တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၈.၅ | ၁၀၁.၃ |
| ၁၀။ | မြဝတီ | ၃၈.၄ | ၁၀၁.၁ |

## ဖခင်အမည်မှန်

အထက(လှည်းကူး) Grade-6(ဖြေဆိုထား)မှ မချမ်းရတီထွန်း၏ ဖခင်အမည်မှန်မှာ ဦးညဏ်လင်းထွန်း ၇/ပခန(နိုင်) ၂၉၇၉၈၃ဖြစ်ပါကြောင်း။

**ဦးညဏ်လင်းထွန်း**
**၇/ပခန(နိုင်) ၂၉၇၉၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/6567 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းမြင့် ၉/ရမသ(နိုင်)၁၁၄၆၅၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ခရိုင်(၁၄)ခရိုင်အတွင်းရှိ System Improvementလုပ်ငန်းများထရန်စဖော်မာနှင့်ဓာတ်အားလိုင်းများတိုးချဲ့ခြင်းနှင့် အစားထိုးခြင်းလုပ်ငန်းများ၊ အရေးပေါ်ထိန်း/ပြင်လုပ်ငန်းများနှင့် ကောင်းကင်ဓာတ်အားလိုင်းများအား မြေအောက်ကြိုးဖြင့်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအတွက်လိုအပ်သော ထရန်စဖော်မာနှင့်ဆက်စပ်ပစ္စည်းများ မြေအောက်ကြိုးဆက်စပ်ပစ္စည်းများ၊ Main Transformer များ၊ Tools and Equipmentများ ၊ ACSR များအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၇.၅.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၁.၅.၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အလက (ရွှေဖလားကျွန်း) Grade-9 မှ ကျောင်းဝင်အမှတ်-၂၅၁၄ မောင်တင်မျိုးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းလှ ၁၄/ မအပ(နိုင်)၁၉၀၅၀၅ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမင်းမင်းနိုင် ၉/မကန(နိုင်)၀၈၄၉၇၉ ၏ နိုင်ငံကူးလက်မှတ် အမှတ် ME 714882 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၃၀၀၉၉၉

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သထုံခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၉၆

ဒေါ်မြသိန်း (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်လှသိန်း) နှင့်

၁။ ဦးမောင်ထွန်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သိန်းမြင့်)
၂။ ဒေါ်စမ်းမြင့် ၃။ ဒေါ်မငယ်
၄။ ဦးမောင်သောင်း ၅။ ဦးမောင်လူအေး
၆။ မသူဇာအောင် ၇။ ဦးကျော်သူအောင်
၈။ မနေဇာအောင် (၂ မှ ၈ ထိ ကွယ်လွန်သူ ဒေါ်မအုန်း၏ တရားဝင် ကိုယ်စားလှယ်များ)
၉။ ဒေါ်ဖွားပျို(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဖြူဖြူအိ)
၁၀။ ဦးကြည်လွင် ၁၁။ ဦးထွန်းအောင်
၁၂။ ဒေါ်မြင့်အေးစု ၁၃။ ဦးဝင်းကိုမျိုး
၁၄။ ဦးဇင်မျိုးထွန်း ၁၅။ ကိုတိုးတိုးကျော်
၁၆။ ဦးတိန်လင်းဦး (၁၃ မှ ၁၆ ထိ ကွယ်လွန်သူ ဦးကျော်ဆန်းနိုင်၏ တရားဝင်ကိုယ်စားလှယ်များ)
၁၇။ ဒေါ်သိန်းမြင့် ၁၈။ ဒေါ်စန်းအေး
၁၉။ ဒေါ်လှသိန်း ၂၀။ ဒေါ်ခင်ဝင်း
၂၁။ ဒေါ်တင်သိန်း ၂၂။ ဦးသိန်းဦး
၂၃။ ဒေါ်လှိုင်လှိုင်စိုး ၂၄။ ဒေါ်နွယ်နွယ်စိုး
၂၅။ ဦးစိုးဟန် ၂၆။ ဦးသိုက်ဝင်း
၂၇။ ဒေါ်မြစိုးသီ

**တရားလို** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ တရားပြိုင်အမှတ်(၂၀)ဒေါ်ခင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူ တရားပြိုင် အမှတ်(၂၁)ဒေါ်တင်သိန်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့နေထိုင်သူ တရားပြိုင် အမှတ်(၂၂)ဦးသိန်းဦး၊ တရားပြိုင် အမှတ်(၂၃)ဒေါ်လှိုင်လှိုင်စိုး၊ (၂၄)တရားပြိုင် ဒေါ်နွယ်နွယ်စိုး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ(၁၆)ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လပြည့်ကျော်(၅)ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ(၂၅)ရက် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းကေသီဝင်း)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/4390 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မျိုးခိုင် ၁၂/အစန(နိုင်)၂၃၀၄၀၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဈေးပိုင်းရပ်ကွက်၊ မြေတိုင်းအမှတ်(၁၁)၊ ဈေးပိုင်းရပ်၊ မြေကွက်အမှတ်(၁၄၅၊ ၁၄၆က)၊ မြေဧရိယာ၀.၀၃၈ဧကရှိ မြေအား ဒေါ်မီမီမြင့်မှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## မသက်ဆိုင်တော့ပါကြောင်းကြေညာခြင်း

ကျွန်တော် ဦးဇော်ဇော် ၁၂/တမန(နိုင်)၀၈၄၇၄၀၏ဇနီးဖြစ်သူ ဒေါ်နန်းတင်တင်အေး ၁၄/မမန(နိုင်)၁၉၁၇၄၀သည် ကျွန်တော်၏ ခွင့်ပြုချက်မရှိဘဲ နေအိမ်မှ ၄-၅-၂၀၂၅ရက်တွင် ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် မသက်ဆိုင်တော့ပါကြောင်း။ ၎င်းနှင့်ပတ်သက်သောငွေကြေး အရှုပ်အရှင်းကိစ္စ အဝဝနှင့် မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းအများ သိရှိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဇော်ဇော်**
**၁၂/တမန(နိုင်)၀၈၄၇၄၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည့် လမ်း၊ တံတားလုပ်ငန်းသုံး ယာဉ်ယန္တရားနှင့်ပစ္စည်းများ(Mini Excavator၊ ထွန်စက်၊ မီးလုံးများ(ဆိုဒီယမ်၊ LED)နှင့် ဆက်စပ်ပစ္စည်းများ၊ Tansformer ဝယ်ယူခြင်း)အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၆-၅-၂၀၂၅ရက် |
| **တင်ဒါပုံစံပိတ်မည့်ရက်** | - | ၁၉-၅-၂၀၂၅ရက်၊ (၁၆:၀၀)နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - | အင်ဂျင်နီယာဌာန (လမ်း/တံတား)- နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

**အင်ဂျင်နီယာဌာန (လမ်း/တံတား)၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း - ၀၆၇-၄၃၂၀၃၇**
**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

ဦးဝင်းတင်နှင့် ဒေါ်အင်ဟီတို့မှ မောင်ရဲဝင်းဦး(ခ)မြိတ်သူမနှင့်ပတ်သက်၍ သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ၎င်းနှင့်စပ်လျဉ်း၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထိန် B.A,H.G.P,R.L,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၈/၃)၊အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)တွင် (၅-၅-၂၀၂၅) ရက်မှ (၁၉-၅-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၁၅-၅-၂၀၂၅)ရက်မှ (၁၉-၅-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။အိတ်ဖွင့်တင်ဒါပုံစံ၊စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော (https://dast.edu.mm/)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်-၈၁၊ မြေညီထပ်တွင် နေထိုင်သူ ဒေါ်သန်းသန်းကြည် ၁၂/ကမရ(နိုင်)၀၃၈၂၆၄၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းကြည် ၁၂/ကမရ(နိုင်)၀၃၈၂၆၄သည် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်၈၁၊ ဧရိယာ(၂၅)ပေx(၅၀)ပေမြေကွက်နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား(၁၀-၁၂-၂၀၁၃)ရက်တွင် တန်ဖိုးငွေကျပ် သိန်းတစ်ထောင်ဖြင့် ဝယ်ယူခဲ့ပြီး (၂၁-၁၁-၂၀၁၇)ရက်တွင် (၂)ခန်းတွဲ(၆)ထပ်တိုက်၊ Hall Type အမျိုးအစားတိုက်ခန်းအား ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခဲ့ပြီး ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်သန်းသန်းကြည်မှ အဆိုပါ(၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်၊ စတုတ္ထထပ်(၅-လွှာ)၊ ပဉ္စမထပ်(၆-လွှာ)ရှိ တိုက်ခန်း(၃)ခန်းအား ရရှိပိုင်ဆိုင်ခဲ့ပြီး အဆိုပါတိုက်ခန်းများအား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းကြည်မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ တစ်စုံတစ်ရာမရှိသည့်အတွက် အဆိုပါတိုက်ခန်း(၃)ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သန်းသန်းကြည်မှသာ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခွင့်ရှိသူဖြစ်ကြောင်း၊ အဆိုပါ တိုက်ခန်း(၃)ခန်းနှင့်ပတ်သက်ပြီး မည်သူတစ်ဦး တစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းစွန့်လွှတ်၊ လှူဒါန်းခွင့်ရှိမည်မဟုတ်ကြောင်း၊ အကယ်၍ တစ်စုံတစ်ဦးမှသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုမှ သော်လည်းကောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းကြည်ပိုင်ဆိုင်သည့် အထက်ပါတိုက်ခန်း(၃)ခန်းအား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းကြည်၏ခွင့်ပြုချက်တစ်စုံတစ်ရာ သိရှိချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ အဆိုပါတိုက်ခန်း(၃)ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း ပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဒေါ်သန်းသန်းကြည်** | **ဒေါ်ခင်သီတာအောင်(LL.B)** | **ဦးချစ်သဲမောင်(LL.B)** |
| **၁၂/ကမရ(နိုင်)၀၃၈၂၆၄** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၈၄)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၅၉၉)** |

**အမှတ်(၇၉/စီ)၊ သီရိမင်္ဂလာလမ်းသွယ်(၈)၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၈၀၂၂၇၃၇၊ ၀၉-၇၇၉၅၂၆၈၆၀**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## အဆောက်အအုံဆောက်လုပ်ရေးအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

MRTV(တပ်ကုန်း)တွင် (120'x50'x34')RC(၈)ခန်းတွဲ(၃)ထပ် အမှုထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း
(အတွင်းရေ၊ အတွင်းမီး၊ မိလ္လာ၊ Apron & Drain RC Ground Tank နှင့် ကွန်ကရစ်လမ်းအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၆-၅-၂၀၂၅)ရက်မှ (၂၃-၅-၂၀၂၅)ရက်အထိ (ရုံးချိန်အတွင်း)အောက်ပါလိပ်စာတွင် တင်ဒါဖောင်(၁)စောင် ငွေကျပ် ၁၅,၀၀၀/- နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ အောက်ဖော်ပြပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ (၂၆-၅-၂၀၂၅)ရက် နံနက် (၉:၃၀)နာရီမှ ညနေ (၁၆:၀၀)နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်-

(က) Detail Measurement, BQ ကုန်ကျစရိတ်အသုံးပြုတန်ဖိုး
(ခ) ကုမ္ပဏီ၏ ငွေကြေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ဘဏ်အထောက်အထားများ
(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့်ကုမ္ပဏီ Profile
(ဃ) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်လိုင်စင်မိတ္တူ

၄။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်တင်ပြသော တင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

**တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်း-၀၆၇-၈၀၇၉၃၃၅**

## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၅-၂၀၂၆) ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကက်သုတ်ကြေးနီ (၃၀၀) မက်ထရစ်တန်အား (1) Lot လျှင် (၁၀) မက်ထရစ်တန်စီဖြင့် (30) Lots ခွဲ၍ ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံး ကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စက်မှုလက်မှုလုပ်ငန်းရှင်များသို့ **"မြန်မာကျပ်ငွေ"** ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်လှစ်သည့်နေ့တွင် အင်တာနက်၌ ပေါ်ထွက်လာမည့် ယမန်နေ့ ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange-LME) ပါ ကက်သုတ်ကြေးနီ တစ်မက်ထရစ်တန်ဈေးနှုန်းအပေါ်တွင် အခြေခံ၍သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား (LME + Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေးအများဆုံးပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူကို တင်ဒါ အောင်မြင်သူအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

၃။ ကတ်သုတ်ကြေးနီများကို ရန်ကုန်မြို့တွင် ထုတ်ယူရမည်ဖြစ်ပြီး၊ Mine Site မှ ရန်ကုန်မြို့သို့ သယ်ယူခတင်ချခစရိတ်များကို တင်ဒါအောင်မြင်သည့် ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များမှ ကျခံရမည်ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့်နေ့ရက်နှင့် အချိန်မှာ (၂၀-၅-၂၀၂၅ )ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီဖြစ်ပြီး ယင်းနေ့ ညနေ (၁၅:၀၀) နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၀၆၇-၃၄၀၉၃၇၈၊ ၀၆၇-၃၄၀၉၃၇၂ နှင့် ၀၆၇-၃၄၀၉၃၇၇ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၃)နေ မချိန်ဟွာဆိန်(ဘ)ဦးချိန်ဖာကြီး ၁၃/ ကခန(နိုင်)၀၁၄၆၇၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၀၂၉၀၃၃၅

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်တောင်ပိုင်း၊ ကလောမြို့နယ်၊ တောင်လားကျေးရွာအုပ်စု၊ တောင်လားရွာမကျေးရွာနေ (ဘ) ဦးထွန်းအောင် ၁၃/ကလန(နိုင်)၀၄၈၅၅၅ ၏သမီးဖြစ်သူ မဆန်းဆန်းမော်(ခ)မစန်းစန်းမော် ၁၃/ကလန(နိုင်)၀၈၁၅၅၀သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၆-၆-၁၉၉၁ဖြစ်ပါကြောင်း။

**မဆန်းဆန်းမော်(ခ)မစန်းစန်းမော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရွှေပေါက်ကံ၊ တောင်ငူလမ်း၊ မြေကွက်အမှတ် ၃၉၄၊ အလျား၄၀ ပေX အနံ ၆၀ပေရှိ ဒေါ်အေးမေ ISN-၁၅၇၇၈၉ အမည်ပေါက် ပါမစ်မြေအမျိုးအစား ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံအဆိုပြုသူ ဦးစိုးမြင့် (ဘ)ဦးကျင်အောင် ၁၄/ပတန(နိုင်)၂၀၇၀၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြွယ်ကြွယ်စိန်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း လူကိုယ်တိုင်ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B,DBL,DML,DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သော အပူလှိုင်းအန္တရာယ် တုံ့ပြန်ကာကွယ်ရေးပစ္စည်းများကို ဝယ်ယူနိုင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများထုတ်ယူရမည့်ရက်နှင့်အချိန်** – (၆-၅-၂၀၂၅)ရက် နံနက် (၁၀)နာရီမှ ညနေ (၄)နာရီအထိ
**တင်ဒါပုံစံများနောက်ဆုံးထုတ်ယူရမည့်ရက်နှင့်အချိန်** – (၁၃-၅-၂၀၂၅)ရက် နံနက် (၁၀) နာရီမှ ညနေ (၄)နာရီအထိ
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** – (၁၉-၅-၂၀၂၅)ရက် နံနက် (၁၀)နာရီမှ ညနေ (၄)နာရီအထိ
**တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ** – မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ အမှတ်(၄၂)၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၈၃၉၂၀၂၈၊ ၈၃၉၂၀၂၉၊ ၈၃၉၂၀၃၀ (လိုင်းခွဲ-၁၁၉)၊ ၀၉-၉၅၆၅၇၈၁၁၇သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် Concrete Ring Mole၊ Computer Laptop၊ School Hygiene Kit ၊ Rain Coat၊ ကာဘော်လစ်ဆပ်ပြာနှင့် မော်တော်ဆိုင်ကယ်စသည့်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများထုတ်ယူရမည့်ရက်နှင့်အချိန်** – ၆-၅-၂၀၂၅ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ နောက်ဆုံးထုတ်ယူရက်နှင့်အချိန်** – ၁၄-၅-၂၀၂၅ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** – ၁၉-၅-၂၀၂၅ရက် (ရုံးချိန် အတွင်း)

၃။ **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ** – မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ အမှတ်(၄၂)၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၈၃၉၂၀၂၈၊ ၈၃၉၂၀၂၉၊ ၈၃၉၂၀၃၀ (လိုင်းခွဲ-၁၁၉)၊ ၀၉-၉၇၇၉၃၈၅၈၆သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါ သည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ T.W.S ကိုယ်ပိုင်အထက်တန်းကျောင်း G-11မှ မချယ်ရီထွန်းနှင့် G-6မှ မောင်ဇေရဲထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင်ဦး ၅/ရဘန(နိုင်)၁၆၀၉၄၆ ဖြစ်ပါကြောင်း။

**ဦးဆန်းလွင်ဦး**

## မွေးသက္ကရာဇ်အမှန်

ပုတာအိုမြို့၊ မကျော့ဝါရပ်ကွက်နေ ဦးဂျေဆီးရဲ့ ၁/ပတအ(နိုင်) ၀၂၉၆၆၁ နှင့် ဒေါ်ချီယော်ဆဲတို့၏ သမီး မချာဆာနို၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလက်မှတ်အရ ၁၀-၁၀-၂၀၁၄ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေး၊ နှင်းဆီလမ်း၊ အိမ်အမှတ်(၁၁၅) မြေအကျယ်(၄၂.၆x၁၀၀)ပေရှိ အရှေ့လားသော်-နှင်းဆီလမ်း၊ အနောက်လားသော်-ဦးတီရော်ဂျီလားမား၏ခြံအစပ်၊ တောင်လားသော်-ယခင်ဦးသန်းထွန်း၏ခြံအစပ်၊ မြောက်လားသော်-ဒေါ်မြမြ၏ခြံစပ် စသည့်အလားရာလေးရပ်အတွင်းရှိ မြေကွက်နှင့်ပတ်သက်၍ ဒေါ်တင်ကြည် ၉/မမန(နိုင်)၀၁၅၃၃၃မှ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မီမီလှိုင် (ဘ) ဦးမောင်မောင်** | **ဦးထွန်းထွန်းဦး (LL.B , IP Law (WIPO)** |
| **၉/စကန(နိုင်)၀၀၀၆၈၃** | **တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၅၇၀)** |
| **No . 402. Tower 14,** | **အမှတ်(အ-၁၅၈)၊ ငွေတော်ဝင်(၅)လမ်း၊** |
| **Garden City Apartment,** | **ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊** |
| **Mandalay,** | **ဖုန်း-09-448195500** |

## စာအုပ်စာပေ လူ့မိတ်ဆွေ

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| **စဉ်** | **ခရိုင်/မြို့နယ်** | **လုပ်ငန်းအမည်** | **အရေအတွက်** | **Lot No** |
|---|---|---|---|---|
| | | (၁)ဆောက်လုပ်ရေး | | |
| ၁။ | မုံရွာတိုင်းရုံး | နန္ဒဝန်ရပ်ကွက် ဂုံလျှော်ဝန်း၊ ဝန်ထမ်းအိမ်ရာ (၄၄၁'x၆') ခြံစည်းရိုး အုတ်တံတိုင်း (ဘလိုက်ဆူးကြိုးအပါ) ကာရံခြင်း (1) လုံး | (၁)ခု | Lot 1 |

၂။အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာယူရန်** – (၆-၅-၂၀၂၅) မှ (၂၆-၅-၂၀၂၅)အထိ
(ခ) **တင်ဒါတင်သွင်းရန်** – (၂၆-၅-၂၀၂၅) ရက်၊ မွန်းတည့် (၁၂:၀၀)နာရီ
(ဂ) **အသေးစိတ်သိရှိလိုပါက** – ဖုန်း- ၀၉-၇၇၀၁၂၀၈၃၆၊ ၀၉-၇၉၅၃၈၃၆၇၆၊ ၀၉-၄၂၉၆၇၈၈၁၄။

**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ မုံရွာမြို့။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော (Lab Reagents)များပါဝင်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-6DMS (2025-2026) (L) အားခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** – (၇-၅-၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့)
**ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** – ဗဟိုဆေးသိုလှောင်ရေးဌာန၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** – (၂၁-၅-၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် (၁၂:၀၀)နာရီ
**ဆက်သွယ်ရန်ဖုန်း** – ၀၁-၃၇၁၂၈၄၊ ၀၁-၃၈၄၉၃၇၊ ၀၁-၃၇၂၃၆၂

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/ခ၊ လူနေရပ်ကွက်အမှတ်ပုလဲ(၁)ရပ်ကွက်၊ စကားဝါလမ်း၊ မြေကွက်အမှတ်-၁၃၉၊ ဧရိယာ(၀.၄၅၉)ဧကမြေ အနက် တရားဝင်ခွဲစိတ်လျက်ရှိသည့် အကျယ်အဝန်းအလျား ၁၀၀' xအနံ ၉၀' ပေရှိမြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ဒေါ်မြင့်မြင့်ဌေး ၁၂/မဂဒ(နိုင်)၀၆၆၄၅၉ထံက ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်အေးမင်းသန့်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ် ၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

## ဦးစိုင်းလုံ သိရှိစေရန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ ကွင်း/အကွက်အမှတ်(၇/ရန်းကုန်းတောင်ရပ်)၊ ဦးပိုင်အမှတ်(၇)၊ မြေဧရိယာ(၃ ဒသမ ၃၃၅)ဧကရှိ မြေကွက်အနက်မှ မြေဧရိယာ(၀ဒသမ၀၉၈)ဧကရှိ မြေကွက် အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လူကြီးမင်း ဦးစိုင်းလုံ ထံမှ ကျွန်မ ဒေါ်နန်းဝိုးဖတ်က လွှဲပြောင်းဝယ်ယူကာ လက်ဝယ်ရရှိ ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ ကျွန်မ ဒေါ်နန်းဝိုးဖတ်သည် အဆိုပါမြေကွက်ကို တရားဝင်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်သစ် ချုပ်ဆိုရန်ရန်အတွက် လူကြီးမင်းမှ မြေကွက်ရောင်းချစဉ်က ပေးထားသော နှုတ်ကတိပဋိညာဉ်အတိုင်း လာရောက်လက်မှတ်ရေးထိုးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ဆက်သွယ် ဆောင်ရွက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ လူကြီးမင်းအနေဖြင့် ဤအကြောင်းကြားစာပါအတိုင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက တရားဝင်မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်သစ် ချုပ်ဆိုနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်နန်းဝိုးဖတ် ၁၃/ကတန(နိုင်) ၁၃၆၈၉၈**

## ကန့်ကွက်နိုင်ကြောင်း

ကျွန်တော် ဦးနေမျိုးဇော်သည် ဦးအေးမင်းစိုး ပိုင်ဆိုင်သော အကွက်အမှတ် (၁၂/၁ᵃ-598 A)မှော်ဘီမြို့နယ် ၊ ဝါးနက်ချောင်း အင်ကြင်းကုန်း (2ဧက)ကို ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက(၇)ရက်အတွင်း ဖုန်း-၀၉-၅၁၅၄၇၃၂၊ ၀၉-၄၄၄၄၈၂၄၀၀တို့သို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးနေမျိုးဇော်**

## အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အင်္ဂလိပ်စာမိသားစု၊ တက္ကသိုလ်များ(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်တိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

**နေ့ရက်** – ၁၈-၅-၂၀၂၅ရက်(တနင်္ဂနွေနေ့)
**အချိန်** – နံနက် ၉နာရီမှ ၁၁ နာရီအထိ
**နေရာ** – Espace by Aureum ကမာရွတ်ခန်းမ၊ အမှတ်(၅၂၃)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့**

## ကယားပြည်နယ်အစိုးရအဖွဲ့
## တိုင်းရင်းသားရေးရာဝန်ကြီးဌာန
## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## ၂၀၂၅-၂၀၂၆ခုဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တင်ဒါကြော်ငြာခေါ်ယူခြင်း

၁။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှခွင့်ပြုသည့် ကျပ်သန်း (၂၀၀)အထက် ပစ္စည်းဝယ်ယူရေး၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်း၊ မီးလင်းရေး၊ ရေပေးရေး၊ လမ်းတံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **တင်ဒါတင်သွင်းမည့်နေရာ** – ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး
(ခ) **လိပ်မူရမည့်ပုဂ္ဂိုလ်** – ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ
(ဂ) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – (၂၉-၄-၂၀၂၅)ရက်မှ (၁၂-၅-၂၀၂၅)ရက်ထိ (ရုံးချိန်အတွင်းသာ)
(ဃ) **တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** – (၁၂-၅-၂၀၂၅)ရက် ညနေ (၁၆:၀၀) နာရီ
(င) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** – ကယားပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး
(စ) **တင်ဒါဖွင့်မည့်ရက်** – ဆက်သွယ်အကြောင်းကြားပါမည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်စည်ပင်သာယာရေးရုံး ဖုန်း-၀၉-၂၆၀၄၂၈၀၉၂၊ ၀၉-၉၅၂၀၃၅၄၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစိန်တိုး၏ သား ကျွန်တော် မောင်ဇော်လင်းဦး ၁၃/ကမန(နိုင်)၁၄၂၅၅၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၈၂၆၄၆၅၀**

## အမည်ပြောင်းလဲခေါ်ပါရန်

(ဘ) ဦးထိန်လင်းအောင်၏သမီး ကျိုင်းတုံမြို့၊ Veritas Private School ၊ Grade-2 မှ နန်းဟွမ်တစ်အား နန်းယဉ်သွေးဆန် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**နန်းယဉ်သွေးဆန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/36320, Suzuki Smash 113 M/Cယာဉ် လက်ဝယ်ရှိသူ ဒေါ်ကြူကြူသင်း ၇/ပမန(နိုင်) ၁၅၀၇၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## အမွေစားအမွေခံသမီးအဖြစ်မွေးစားပြီးဖြစ်ပါကြောင်း

(ဘ)ဦးမျိုးကျော်နိုင် (မိ)ဒေါ်နန်းစံခမ်းတို့၏သမီး နန်းဟွမ်တစ် အား ကျွန်တော် ဦးထိန်လင်းအောင် ၁၂/ပဇတ(နိုင်)၀၃၄၆၄၉ နှင့် ကျွန်မ ဒေါ်ကြည်ပြာမျိုးမောင် ၁၂/ဗဟန(နိုင်)၁၀၀၉၉၂ တို့မှ (၅-၁-၂၀၂၅)ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ် မွေးစားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထိန်လင်းအောင်-ဒေါ်ကြည်ပြာမျိုးမောင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ မြေကွက်အမှတ်(၅၅၉)၊ (၄၀x၆၀)ပေရှိ မြေချပါမစ် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသန်းရွှေ ၁၂/ကမရ(နိုင်) ၀၄၃၀၉၄ အမည်ပေါက် မြေချပါမစ်မူရင်း၊ အဆက်စပ်စာချုပ်မူရင်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဗိုလ်မှူးကြီး မြင့်လွင်(ငြိမ်း) ၉/မထလ(နိုင်) ၁၃၂၂၁၂မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ ဒေါ်မော်မော်သင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၇၄)** |

**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ ဧကရှိ ဒေါ်စန်းစန်းဝေ ၁၄/ပသန(နိုင်)၀၁၆၆၁၇(ဘ)ဦးစိန်ဝေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၂၄၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၀/၂၀၂၃(၃၀-၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်မြင့်ထွေး ၈/မသန(နိုင်)၁၂၀၄၉၉(ဘ)ဦးကျော်မြင့်မှ ဦးအောင်ကိုကိုမင်း ၅/ရဥန(နိုင်)၀၈၆၈၃၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်စီမံခန့်ခွဲဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာရပ်ကွက်အရပ်ဒေသအခေါ် ကျောင်းကြီးရပ်ကွက်၊ အောင်စည်းခုံဘုရားလမ်း၊ ခြံအမှတ်၄၅၊ မြေအကျယ်အလျားမျက်နှာစာ ၁၄၂ပေ၊ အနောက်ဘက်ခြမ်း ၁၄၇ပေx အနံခေါင်းရင်းခြမ်း ၁၆၄ ပေ၊ ခြေရင်းခြမ်း ၁၅၅ ပေရှိ ရွာမြေအမျိုးအစားမြေကွက်အား ခွဲစိတ်ထားသော ခွဲစိတ်မြေကွက်အမှတ်ဖြဟု ခေါ်တွင်သည့် အလျား၂၀' xအနံ ၆၀'ပေ နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ဦးခင်မောင်နွဲ့ ၁၁/မဥန(နိုင်)၀၉၃၃၂၄နှင့် ဦးအေးမင်းထွန်း ၅/ကလထ(နိုင်)၁၃၀၇၅၀တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်အေးမင်းသန့် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ် ၈၃/၇၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး (၆၀'x၄၀'x၂၆')သွပ်မိုး၊ RC(၂)ထပ်(ရေမီး၊မိလ္လာအပါအဝင်)ရုံးအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - (၇ -၅-၂၀၂၅) (ဗုဒ္ဓဟူးနေ့) |
| တင်ဒါအကြိုရှင်းလင်းမည့်ရက် | - (၁၃-၅-၂၀၂၅) (အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် | - (၂၀-၅-၂၀၂၅) (အင်္ဂါနေ့) |
| တင်ဒါDEPOSIT နောက်ဆုံးတင်သွင်းရမည့်ရက် | - (၂၀ -၅-၂၀၂၅)(အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာနောက်ဆုံးပြန်လည်တင်သွင်းရမည့်ရက် | - (၂၁-၅-၂၀၂၅) (ဗုဒ္ဓဟူးနေ့) |
| လုပ်ငန်းတင်ဒါလျှောက်လွှာရောင်းချမည့်နေရာနှင့်လျှောက်လွှာနောက်ဆုံးပြန်လည်တင်သွင်းရမည့်နေရာ | -ပဲခူးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဓမ္မစေတီလမ်း၊ ဌာနဆိုင်ရာစုပေါင်း (၆)ထပ်ရုံး၊ ပဲခူးမြို့ |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၇-၅-၂၀၂၅ မှ ၂၀-၅-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၅၂၂၂၀၁၂၉၃ **တင်ဒါကော်မတီ**

---

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၄
### ကွယ်လွန်သူ ဦးဘိုးနီ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဒေါ်ပြုံး (လျှောက်ထားသူ)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် နေထိုင်သော ဦးဘိုးနီ၏ အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်ပြုံး က ကွယ်လွန်သူ ဦးဘိုးနီ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ရရှိထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာရှိ၊ ကွင်းအမှတ် ၆၀၈<sup>က</sup>၊ ကွင်းအမည် (ကိုးတောင်ကွင်း)၊ ဦးပိုင်အမှတ်(၁၁/၂က)၊ လယ်မြေဧရိယာ(၃ဒသမ၆၆)ကေ အကျယ်ရှိသော လယ်မြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းလိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၂၅ခုနှစ်၊ မေလ ၁၃ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၂ရက်) မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည် ဖြစ်သည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၃၀ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ အလက (ကသစ်ပင်) ကျောင်း Grade-9မှ မနန်းရွှေရည်ဝင်း၏ မိခင်အမည်မှာ ဒေါ်ဆွေဇင်သဲ(ခ)ဒေါ် ရွှေဇင်သဲ ၇/ကဝန (နိုင်) ၁၂၂၆၆၇ မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဒေါ်ဆွေဇင်သဲ(ခ)ဒေါ်ရွှေဇင်သဲ**

---

### မွေးသက္ကရာဇ်အမှန်

ဦးမျိုးမင်း၏ သမီး ဘိုကလေးမြို့နယ်၊ အထက (၁) G-10 (၂၀၂၅-၂၀၂၆) ပညာသင်နှစ်မှ မမေမြင့်မြတ်စိုး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၂-၁၁-၂၀၀၉ ဖြစ်ပါ ကြောင်း။

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂၄

ဒေါ်ဖူယွင်း(ခ)ဒေါ်ရောက်စီ နှင့် ဦးမျိုးဝင်း
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (အ-၆/၄၈) (ဂ) ရပ်ကွက် နေ ဦးမျိုးဝင်း(ဘ)ဦးဝင်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးမျိုးဝင်း သင့်အပေါ်၌ တရားလို ဒေါ်ဖူယွင်း(ခ)ဒေါ်ရောက်စီ က ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၉)၊ ဦးပိုင်အမှတ်(၁၀၃-ခ)၊ ဧရိယာ(၀.၀၂၇၅)ကေရှိ ဦးမျိုးဝင်း အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၁၄ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံတော်အဆင့်ဧည့်ရိပ်သာတွင် Dinning Hall (50'x70') ဆောက်လုပ်ခြင်း၊ ကြွေပြားခင်းခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များကို (၆-၅-၂၀၂၅)ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ (၁၉-၅-၂၀၂၅)ရက် ညနေ ၄:၃၀နာရီဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း -၀၆၃-၂၈၇၇၀၊ ၀၆၃-၂၈၁၄၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့်
## ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင်
## QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QCလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်)တွင် ၆-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ရက် အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၁၉-၅-၂၀၂၅ ရက် တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.most.gov.mmတွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၂၉ စာရေးကုန်း၊ ဦးပိုင်အမှတ်(၃၂)၊ မြေဧရိယာ(၀.၁၀၈)ကေ အကျယ်အဝန်းရှိ မြေသည် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးရုံး၏ ဂရန်မှုနံပါတ် (၅၄၉/၁၉၉၆-၁၉၉၇)၊ ဂရန်စာချုပ်နံပါတ်(၁၁၂/၂၀၂၃-၂၀၂၄)အရ (၈-၆-၂၀၅၂)အထိ နှစ်(၃၀)ဂရန်သက်တမ်းရှိမြေနှင့်ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ဒင်မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အဆိုပါအိမ်၊ ခြံမြေကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ခြင်းကို မည်သူမဆို ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လှယဉ်ဝင်း(B.A, H.G.P)** **ဒေါ်နန်းမေဖူးစံ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၁၉၄၄၈/၉၁)** **အထက်တန်းရှေ့နေ(၅၅၂၇၇/၂၀၂၂)**
**အမှတ်(၃၆)၊ (၇)ကွက်၊ မန္တလေး - လားရှိုးလမ်း၊ ရပ်ကွက်ကြီး(၄)၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း- ၀၉-၅၀၂၁၉၈၄၊ ၀၈၅-၂၀၂၁၉၈၇**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ်(၆၈၁/ဂ)၊ ယခင်ဦးပိုင်အမှတ်(၅၄/၁)၊ ယခု ဦးပိုင်အမှတ်(၂၉၅)၊ အကျယ်အဝန်း(၂ဒသမ၄၁)ကေထဲမှ အကျယ်အဝန်းအရှေ့ (၅၁)ပေ၊ အနောက်(၅၀)ပေ၊ တောင်(၅၈)ပေ၊ မြောက်(၅၉)ပေ၊ အကွက်အမှတ် (A-2) (လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မင်းသီရိနွယ် ၉/မရမ(နိုင်) ၀၈၇၉၃၇ထံမှ ဦးမျိုးသက်ဟန် ၈/မကန(နိုင်) ၂၀၂၆၁၆က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသက်ဟန်** **ဦးနေမျိုးဇော်(LL.B,D.B.L)**
**၈/မကန (နိုင်)၂၀၂၆၁၆** **တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၀)၊ ထောင်လယ်အကွက်၊ ဦးပိုင်အမှတ်(၃၅-င)၊ ဧရိယာ(၀ဒသမ၁၄၄)ကေရှိ ဒေါ်မြင့်မြင့်အေး၊ ဦးတင်အေး၊ ဒေါ်ဘေဘီ၊ ဦးမောင်မောင်အေး၊ မောင်မြင့်ဌေးတို့၏ အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဗိုလ်ဘဌေးလမ်း၊ အမှတ်(၁၇)နေ ဒေါ်ချိုချိုမြင့်၊ ဒေါ်အေးအေးမွန်၊ ဦးနေမင်းဦး၊ ဦးမျိုးမင်းဦး၊ ဦးဇော်လင်းဦး၊ ဒေါ်နုနုယဉ်၊ ဒေါ်မြင့်မြင့်သန်းတို့မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲ မှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ် သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်
## လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁/၂၀၂၅-၂၀၂၆)

မအူပင်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား သက်ဆိုင်ရာလုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မအူပင်ခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် (၁၃-၅-၂၀၂၅)ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်းနံပါတ်- ၀၄၅-၂၀၃၀၃၆၁နှင့် ၀၉-၇၉၅၇၄၃၆၆၀ သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - (၁၃-၅-၂၀၂၅ )ရက် |
| **တင်ဒါပုံစံအရောင်းပိတ်မည့် ရက်/အချိန်** | - (၂၂-၅-၂၀၂၅ )ရက်၊ (၁၃:၀၀)နာရီ။ |
| **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - ( ၂၃-၅-၂၀၂၅)ရက်၊ (၁၁:၀၀)နာရီ။ |
| **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မအူပင်ခရိုင်၊ မအူပင်မြို့။ |

တင်ဒါလျှောက်လွှာပုံစံများကို မအူပင်ခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် (၁၃-၅-၂၀၂၅)ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မအူပင်ခရိုင်၊ လမ်းဦးစီးဌာန**
**ဖုန်း-၀၄၅-၂၀၃၀၃၆၁၊ ၀၉-၇၉၅၇၄၃၆၆၀**

---

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော
## မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊အကွက်အမှတ်(၂)၊အကွက်အမည်(ပြင်ဈေးတောင်ရပ်)၊ ဦးပိုင်အမှတ်(၁၇၇)၊ ဧရိယာ(၀ဒသမ၂၁၃)ကေ အနက်မှ ဧရိယာ(၀ဒသမ၀၆၂)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- ဦးပိုင်အမှတ်(၁၇၈<sup>ဃ</sup>)၊ ဦးပိုင်အမှတ်(၁၇၈<sup>င</sup>)
(ခ) အနောက်လားသော်- ဦးပိုင်အမှတ်(၁၇၇)တစ်စိတ်တစ်ပိုင်း
(ဂ) တောင်လားသော်- အနောက်ဈေး(က)
(ဃ) မြောက်လားသော်- လမ်း

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးဟိန်းနိုင်ထွန်း၊ ဒေါ်သူသူမြတ်တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊မေလ ၂၇ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန**
**ရွှေဘိုမြို့**

---

### တစ်ဦးတည်းဖြစ်ကြောင်း

မူဆယ်မြို့၊ မြောက်ရပ်ကွက်၊ မ/၃၄၁ တွင် နေထိုင်သူ ဦးဝင်းဝင်းနိုင် (ခ)ဦးဇော်ဝင်းနိုင် (မွေးသက္ကရာဇ်-၂၅-၃-၁၉၇၉) (၁၃/မဆတ(နိုင်) ၀၃၂၉၁၈ ကိုင်ဆောင်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းနိုင်(ခ)**
**ဦးဇော်ဝင်းနိုင်**

---

### ပတ်စပို့ပျောက်

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ခနသိဒ္ဓိရပ်ကွက်နေ (ဘ)ဦးအချင်း၏သား မောင်အောင်မျိုးဦး ၁၃/တကန(နိုင်)၃၅၆၅၆၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-748222) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၄၅၃၃၉၉**

---

### ပတ်စပို့ပျောက်

ဒီးမော့ဆိုမြို့နယ်၊ ခေါ်ဥကယားရွာနေ (ဘ)ဦးသိန်းလွင်၏ သမီး မလွင်ဖူးမော် ၂/ဒမဆ(နိုင်) ၀၇၆၀၄၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-739517)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၀၄၃၅၃၃၃၅**

---

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်(၁၅င)၊ အကွက်အမည်(မူယာပင်နွားပွဲဈေးအကွက်)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ဒသမ၀၄၁)ကေ အနက်မှ (၀ဒသမ၀၇၈)ကေရှိ မြေကိုဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးတင်အေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ မေလ ၁၀ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်မြို့နယ်မြေစာရင်းဦးစီးဌာန**

---

## မြေငှားဂရန်/မြေပေးမိန့်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ကေ) | အကြောင်းအရာ |
| ၁ | ဒေါ်သက်မေဦးပါ(၅)ဦး | ပုသိမ် | ရကအ(၂) | ၆၂/အုန်းတော | ၄၄-ဆ | ၀.၀၃၉ | အသစ် |
| ၂ | ဒေါ်ခင်ချိုဦး | ပုသိမ် | ရကအ(၄) | ၈၁/စဥ့်အိုးဘို | ၈၉/၉ | ၀.၀၄၆ | ဦးပိုင်ခွဲ/အမည်ပြောင်း |
| ၃ | ဦးမင်းခန့်ဘုန်းသွင် ဒေါ်ထားဦးရွှေ | ပုသိမ် | ရကအ(၃) | ၄၃/တံတားကြီးတန်း | ၁၃၅-ထ | ၀.၀၄၁ | အမည်ပြောင်း |
| ၄ | ဦးအောင်ဆွေဦး | ပုသိမ် | ရကအ(၁၄) | ၇၆/ဥမ္မာဒန္တီ | A-၆၂၊ A-63 | ၀.၁၁၀ | မြေပေးမိန့် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ဘုရားသုံးဆူ ကျေးရွာ၊ ကွင်းအမှတ်(၉၈၀)၊ ကံ့ကော်/ခရေလမ်း၊ ဟုခေါ်တွင်သော အလျား ၁၅၄ပေxအနံ(၄၂+၄၈)ပေ အကျယ် အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ငုဝါလှိုင် ၁၂/အစန(နိုင်)၂၁၄၀၆၈ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ နေအိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုး (၁၂/ဥကမ (နိုင်)၀၁၇၀၇၀)၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိဖြိုးပိုင်(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ(စဉ်-၅၃၅၉၃)**
**တိုက်အမှတ်(၂၉)၊ ပထမထပ်၊ (၃/ခ)ရပ်ကွက်၊ (၇)လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၉၁၁၈၇၅၄၁**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ကေရှိ ဒေါ်ညိုညိုမြင့် ၁၂/သဃက(နိုင်)၁၁၁၂၃၇(ဘ)ဦးတင်ထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၃၈၉) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၅/၂၀၂၁(၁၁-၁-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုးသက်မောင် ၉/ပမန(နိုင်) ၁၈၂၀၃၆(ဘ)ဦးမြသိန်းမှ ဒေါ်ဇင်မျိုးသူ ၁၀/သထန(နိုင်) ၁၀၅၅၁၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)ရှိ Lot No.1 Alloy(၆၄.၈၆)တန်နှင့် Lot No.2 Cast Iron (၅၆၂.၈၉)တန် တို့ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချလိုပါသဖြင့် ဈေးနှုန်းများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၆-၅-၂၀၂၅ ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပိတ်ရက်** | - ၃၀-၅-၂၀၂၅ရက်၊ ၁၆:၀၀နာရီ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - စက်မှုဝန်ကြီးဌာန ၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၀)၊ နေပြည်တော်။ |
| **ဆက်သွယ်ရမည့်ဖုန်းနံပါတ်** | - ၀၆၇-၃၄၀၅၃၂၂ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စိန် ၁၂/သကတ(နိုင်)၁၈၆၆၇၄သည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီး ကျေးရွာအုပ်စု၊ ဘွက်ကြီးကွင်း၊ ကွင်းအမှတ်(၅၂၃)၊ မြေကွက်အမှတ် (၂၉၉)ရှိ ဧရိယာ ၀ ဒသမ ၂၈ဧကေ၊ အနံ(၉၃/၁၅၀)၊ အလျား(၆၃/၁၄၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့် အကျိုးခံ စားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်အုန်းမြင့်၁၂/မဘန(နိုင်)၀၃၆၂၆၆ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးထွန်းထွန်းဝင်း ၁၂/မဂတ(နိုင်)၀၇၂၁၂၇ မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်ပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာဦး (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၃၃)**
**ဖုန်း-၀၉-၄၂၁၀၈၀၃၂၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ကုဋ္ဌာသယလမ်း၊ အမှတ်(၁၄)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာအေး ၁၂/မဂတ(နိုင်)၀၇၄၈၆၉၏ လွှဲအပ်ချက်အရအောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပန်းတစ်ပွင့်တောင်အနီး လက်ပံတန်းစုကျေးရွာ အောင်ချမ်းသာကွက်သစ်၊ ကွင်းအမှတ်(၆၅၀)၊ သင်းအိုင်ကွင်း(G)မြေ၊ ဦးပိုင်အမှတ်(၃၉/၁)၊ ဒေါ်နေဘ်သန်းသန်းအေးအမည်ဖြင့် လုပ်ပိုင်ခွင့်ချထားပေးသော ဧရိယာ ၃ ဒသမ ၂၈ဧကေ အတွင်းမှ ပေ(၆၀x၆၀)၊ မြေကွက်အမှတ်(၄၃/၄၄/၄၅)နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့အား စာချုပ်စာတမ်းအဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းဇော် ၁၄/ဘကလ(နိုင်)၂၀၆၈၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာအေး ၁၂/မဂတ(နိုင်)၀၇၄၈၆၉ က အပြီးအပိုင် လက်ရောက်ဝယ်ယူပြီးဖြစ်ကြောင်း၊ ယခုရောင်းချခြင်းနှင့် ပတ်သက်၍ကန့်ကွက်လိုပါကဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သီတာအေး** | **ဒေါ်လွင်အိန္ဒြာဖြိုး (LL.B)** |
| | **အထက်တန်းရှေ့နေ(စဉ်-၅၅၆၀၂) (၁၇-၇-၂၀၂၃)** |
| | **အမှတ်(၃၄)၊ ၈-လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊** |
| | **မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်** |
| | **ဖုန်း-၀၉-၉၆၀၈၄၆၈၃၆** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၁၉၇၊ ဒ-၃၀၁၉၈)၊ မြေဧရိယာ၀ ဒသမ ၃၄၉ဧကရှိ ဒေါ်ခင်နှင်းဦး (ဘ) ဦးကွမ်းဝင်(ခ)ကျော်အောင် ၁၃/လရန(နိုင်)၁၀၇၄၉၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေ ကွက်ကို ဒေါ်ခင်နှင်းဦး(ဘ) ဦးကွမ်းဝင်(ခ)ကျော်အောင် ၁၃/လရန(နိုင်)၁၀၇၄၉၉ မှ ဒေါ်ဝင်းဝင်းမြင့်(ဘ) ဦးကွမ်းဝင်(ခ)ကျော်အောင်၉/ခမစ(နိုင်)၀၁၁၀၇၆နှင့် မြေကွက်လဲလှယ်ခြင်း စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်သားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆-E)၊ မြေကွက် အမှတ်-(၁၀၄အေ-၁/ဘီ+၁၀၅အေ/၂)၊ အကျယ်အဝန်း ၀ ဒသမ ၂၄၃ဧကရှိ မြေပိုင်မြေ မစိုက်ပျိုးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂)၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်Sခေါ်ခင်နန်း ၁/မကန(နိုင်)၀၇၈၀၃၂၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်တင့် (ခ) ဦးခင်ထွန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၃၉၃၀၆**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ဆည်မြောင်း)တွင် အသုံးပြုရန်အတွက် ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြု ရန်ပုံငွေဖြင့် ရုံးသုံးစက်ပစ္စည်း (Office Equipments)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်** | - ၆-၅-၂၀၂၅ရက်မှ ၁၉-၅-၂၀၂၅ရက် အထိ |
| (ခ) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်/အချိန်** | - ၂၀-၅-၂၀၂၅ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ |
| (ဂ) | **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန်** | - ၂၀-၅-၂၀၂၅ရက်၊ မွန်းလွဲ ၁၄:၀၀ နာရီ |
| (ဃ) | **အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူ/ တင်သွင်းရမည့်နေရာ** | - ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၁၅)၊ နှစ်ထပ်တိုးချဲ့ ဆောင်သစ်၊ နေပြည်တော် |

၂။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန(ရုံးချုပ်)၊ ဖြည့်တင်းရေး ဌာနခွဲ(၁)၊ ဖုန်း-၀၆၇-၃၄၁၀၅၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဇီဝနည်းပညာသုတေသနဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန အတွက် ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Lot(1) -သုတေသနသုံးစက်ပစ္စည်း (၁၈)မျိုး၊ Lot (2) -သုတေသနသုံးပရိဘောဂ (၃)မျိုး နှင့် Lot(3) - ရုံးသုံးစက်ပစ္စည်း(၄)မျိုး တို့အတွက် မြန်မာငွေကျပ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - ၆-၅-၂၀၂၅ရက် |
| (ခ) | **တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက်** | - ၁၉-၅-၂၀၂၅ရက်(၄:၀၀)နာရီ |
| (ဂ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ငွေစာရင်းဌာန၊ ဇီဝနည်းပညာ သုတေသနဦးစီးဌာန |

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသန ဦးစီးဌာန၊ ဖုန်း-၀၉-၇၆၀၇၄၄၇၇၃၊ ၀၉-၄၀၂၆၇၅၈၂၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဇီဝနည်းပညာသုတေသနဦးစီးဌာန**

## သက်ဆိုင်သူနှင့် အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဣန္ဒာ(၄)လမ်း၊ အမှတ်(၃၇၈ ၁/၂ )ဟုခေါ်တွင်သော အလျား ၁၃ပေ x အနံ ပေ၆၀ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ပင်(၁)ခန်း သွပ်မိုး အောက်ထပ် အုတ်ညှပ်ကာ၊ အပေါ်ထပ်ပျဉ်ကာ၊ ရေ/မီးအစုံ (၂)ထပ် အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်သည် ဒေါ်နွဲ့နွဲ့ခင်(ခ)ဒေါ်ခင်တုတ်၊ ဒေါ်အုန်းမြင့်၊ ဦးအောင်လင်းနှင့် ဒေါ်နွဲ့နွဲ့ရီတို့၏ မိဘ(၂)ပါးဖြစ်သည့် ဦးအစိန်နှင့်ဒေါ်ကျင်ရွှေတို့မှ တရားဝင် ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော မြေနှင့်အဆောက်အအုံဖြစ်ပြီး ဦးအစိန်နှင့် ဒေါ်ကျင်ရွှေတို့မှာ ကွယ်လွန်သွားခဲ့ပြီဖြစ်သည့်အတွက် သား/သမီးရင်းဖြစ်သော ကျွန်ုပ်မိတ်ဆွေများမှ အမွေဆက်ခံပိုင်ဆိုင်သော မြေနှင့်အဆောက်အအုံဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေများပိုင်ဆိုင်သည့် အထက်လိပ်စာရှိ မြေနှင့်အဆောက်အအုံကို ကာလပေါက်ဈေးအတိုင်း ရောင်းချ၍ အညီအမျှ ခွဲဝေရယူရန် ကျွန်ုပ်မိတ်ဆွေများမှ ညှိနှိုင်းတိုင်ပင်သဘောတူညီခဲ့ကြပြီး ဒေါ်နွဲ့နွဲ့ခင်(ခ)ဒေါ်ခင်တုတ်ကို စုံစမ်းရှာဖွေရာတွင် ယခုအချိန်အထိ စုံစမ်းရှာဖွေ ဆက်သွယ်၍မရခဲ့ပါ။ ကျွန်ုပ်မိတ်ဆွေ(၃)ဦးဖြစ်သည့် ဒေါ်အုန်းမြင့်၊ ဦးအောင်လင်း၊ ဒေါ်နွဲ့နွဲ့ရီတို့သည် အထက်ပါလိပ်စာရှိ မြေနှင့်အဆောက်အအုံကို ၂၃-၁၀-၂၀၂၅ရက်တွင် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ရောင်းချမည်ဖြစ်ပြီး အမွေဝေစုကိုလည်း အညီအမျှခွဲဝေရယူမည်ဖြစ်ကြောင်း ဒေါ်နွဲ့နွဲ့ခင်(ခ)ဒေါ်ခင်တုတ်၏ အမွေဝေစုကိုလည်း ခွဲဝေပေးမည် ဖြစ်ကြောင်း၊ ၎င်းရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေ(၃)ဦး၏ အစီအမံအတိုင်းသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အုန်းမြင့်** | **ဒေါ်တင်တင်လှိုင် (LL.B)** |
| **၁၂/ဥကမ(နိုင်)၁၁၀၉၁၈** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၆၄)** |
| **ဦးအောင်လင်း** | **ဖုန်း-၀၉-၄၂၀ ၇၆၂၉၄၇** |
| **၁၂/ဥကမ(နိုင်)၁၅၃၇၇၃** | |
| **ဒေါ်နွဲ့နွဲ့ရီ** | |
| **၁၂/ဥကမ(နိုင်)၁၈၆၉၂၀** | |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/1461

Mitsubishi Fuso Figrter FK 61 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကို ၉/ဝတန (နိုင်)၁၂၂၆၆၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/2070

DAIHATSU HIJET S210P PickUp(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ညီ ၁၂/ရကန(နိုင်)၀၂၆၇၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီး
## လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်
## (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁/၂၀၂၅-၂၀၂၆)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု(ငွေလုံးငွေရင်း)/ တိုင်းဒေသကြီး (ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက် ရေးလုပ်ငန်းများ တွင်အသုံးပြုရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား သက်ဆိုင်ရာလုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူမည့်လုပ်ငန်းသုံးပစ္စည်းများ၏အမျိုးအစား၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဖျာပုံခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၉-၅-၂၀၂၅ ရက် မှ စတင်၍ဖော်ပြမည်ဖြစ်ပြီး ဖုန်း-၀၉-၄၅၇၆၅၉၃၉၆သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၉-၅-၂၀၂၅ရက်(ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** | - ၂၁-၅-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) (၁၃:၀၀) နာရီ |
| **တင်ဒါပွဲဖွင့်မည့်ရက်/အချိန်** | - ၂၂-၅-၂၀၂၅ရက်၊ (ကြာသပတေးနေ့)(၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့။ |

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၉-၅-၂၀၂၅ရက်မှ စ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖျာပုံခရိုင်၊ လမ်းဦးစီးဌာန**
**ဖုန်း-၀၉-၄၅၇၆၅၉၃၉၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆၇၄/ ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ်(၅-ဇ)၊ ဧရိယာ (၀.၀၃၄) ဧကရှိ မြေအား မြို့မြေအမှုတွဲအမှတ် ၈၄V ၂၀၀၆-၂၀၀၇အရ (၇-၁၁-၂၀၀၆)မှ (၆-၁၁-၂၀၃၆)အထိ ဦးချစ်မောင်မောင်အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသော မြေငှားစာချုပ်အား ဦးမိုးဇော်အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်) မြေကွက်အမှတ် (ဒ-၃၀၁၉၉၊ ဒ-၃၀၂၀၀)၊ မြေဧရိယာ ၀ ဒသမ ၃၄၉ဧကရှိ ဒေါ်ဝင်းဝင်းမြင့် (ဘ) ဦးကွမ်းဝင် (ခ) ကျော်အောင် ၉/ခမစ (နိုင်)၀၁၁၀၇၆အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်၊ မြေကွက်ကို ဒေါ်ဝင်းဝင်းမြင့် (ဘ) ဦးကွမ်းဝင် (ခ) ကျော်အောင် ၉/ခမစ(နိုင်)၀၁၁၀၇၆မှ ဒေါ်ခင်နှင်းဦး (ဘ)ဦးကွမ်းဝင်(ခ)ကျော်အောင် ၁၃/လရန(နိုင်)၁၀၇၄၉၉နှင့် မြေကွက်လဲလှယ်ခြင်းစာချုပ်ချုပ်ဆိုရန် မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာ စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ရန်ပြေ)၊ မြေကွက်အမှတ်(၁၀၇/ခ)၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၁၀၇/ခ)၊ ရန်ပြေ(၈)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှငွေ ၁၂/သကတ(နိုင်)၀၈၄၅၂၉၊ ဒေါ်ပွေး ၁၂/သကတ(နိုင်)၀၈၄၁၅၃ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးလှငွေ ၁၂/သကတ(နိုင်)၀၈၄၅၂၉ (ဖခင်)နှင့် ဒေါ်ပွေး ၁၂/သကတ(နိုင်)၀၈၄၁၅၃(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများ ဖြစ်သော ဦးအောင်ဆန်း ၁၂/သကတ(နိုင်)၀၈၄၈၃၇၊ ဒေါ်ဝင်းရွှေ ၁၂/သကတ(နိုင်)၀၅၈၉၆၀၊ ဒေါ်တင်တင်လှ ၁၂/သကတ(နိုင်)၀၈၄၃၉၉တို့မှ ကွယ်လွန်သူ မိခင်နှင့် ဖခင်တို့တွင် မိမိတို့ သားသမီး(၃)ဦးကိုသာ မွေးဖွားခဲ့ပါကြောင်း၊ ကွယ်လွန်သူ မိဘများနှင့် မိမိတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပါကြောင်း၊ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့(၃)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ မိမိတို့ (၃) ဦးမှလွဲ၍ ကိတ္တိမမွေးစားသားသမီးအပါအဝင် အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးလှငွေ (ဖခင်)နှင့် ဒေါ်ပွေး (မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ ကျွန်းတိုင်းကျေးရွာ၊ ဇေယျာသိမ်အုပ်စုနေ မချစ်စနိုး၏ ဖခင်အမည်မှန်မှာ ဦးလှမြင့်ဦး ၉/လဝန(နိုင်)၀၇၂၉၅၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန်းဇော်ဦး ၁၀/မလမ(နိုင်)၁၃၅၆၇၅ ကိုင်ဆောင်သော (CUSTOMS BROKER)(2022-2024) MWD-007801(TAKHON MYAWADDY CO.,LTD) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၈၅၂၁၅၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးဖြိုးဝေဦး ၉/ပဘန (နိုင်)၂၄၆၉၉၁ ၏ ပတ်စ်ပို့နံပါတ် (MH-183645)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၄၁၉၀၇၇၈**

## ပျောက်ဆုံးကြောင်း

ကလေးမြို့၊ ပင်လုံ (၅)ရပ်ကွက်နေ(ဘ)ဦးလျှံရှင်းပေါင်၏သား မောင်ထန်ချန်းစံ ၅/ကလတ(နိုင်)၂၆၆၇၄၆ ၏ နိုင်ငံကူး လက်မှတ်(MG-288939)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၅၁၃၅၀၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၃/အောင်ချမ်းသာ(က)၊ ဦးပိုင်အမှတ် (၆၆)၊ ဧရိယာ (၀.၁၁၀) ဧကရှိ မြေကွက်အား ဦးအောင်နိုင်ဝင်း၊ ဒေါ်အိအိချောအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကိုဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကောလိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၃/အောင်ချမ်းသာ(က))၊ ဦးပိုင်အမှတ် (၆၈)၊ ဧရိယာ (၀.၁၁၀) ဧကရှိ မြေကွက်အား ဦးအောင်နိုင်ဝင်း၊ ဒေါ်အိအိချောအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ကောလိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## မီးသတိပြု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်စက်မှုဇုန်၊ ပျဉ်းမရိပ်သာ(၁)၊ မြေကွက်အမှတ် (၅၃)၊ အကျယ်အဝန်း ဧရိယာ ၀ ဒသမ ၀၇၁(စတုရန်းပေ ၃၀၈၇)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်မေမြတ်ကျော် ၇/ပခန(နိုင်)၂၁၅၀၂၆ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်အိအိသန့် ၈/မထန(နိုင်)၀၈၀၁၃၂က ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်သူ(LL.B, LL.M) အထက်တန်းရှေ့နေ(စဉ်-၅၅၂၂၇)**
**အမှတ်(၅၄/၅၆)၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၅၈၀၀၂၈၅၈**

## အမည်ပြောင်း

မကွေးမြို့၊ ပညာရေးလေ့ကျင့်ရေးကျောင်း Grade-4 မှ မအေးချမ်းမိုး (ဘ) ဦးစိုးမိုးဦးအား မကြည်ဖြူအေးချမ်းဟု ပြောင်းလဲခေါ်ပါရန်။

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အလကရွှေဖလားကျွန်း Grade-4မှ ကျောင်းဝင်အမှတ် -၀၁၂၈ မသော်တာယမင်း၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းလှ ၁၄/မအပ (နိုင်) ၁၉၀၅၀၅ ဖြစ်ပါကြောင်း။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မင်္ဂလာရန်ကင်း အိမ်ရာနေ ဦးဝေမင်းလှိုင်(ဘ)ဦးမျိုးလှိုင်၅/အတန(နိုင်)၀၈၄၀၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သစ်ချိုကုန်းကျေးရွာ၊ ကွင်းအမှတ်(၄၉၈-သစ်ချိုကုန်း)၊ ဦးပိုင်-၁၁/၁၊ ဧရိယာ၀ ဒသမ ၃၄၂၅ကေ အကျယ်အဝန်းရှိ မြေကွက်အမှတ်(A-6) အနက်မှ အနောက်ဘက်ခြမ်း ဧရိယာ၊ အရှေ့အနောက်(၁၅)ပေ၊ (အနောက်ဘက်ခြမ်း) တောင်မြောက် (၃၈)ပေ (၆)လက်မ၊ (အရှေ့ဘက်ခြမ်း)တောင်မြောက် (၃၇)ပေ(၆)လက်မ အကျယ်အဝန်းရှိ ဦးငွေအောင် အမည်ပေါက် အနှစ်(၃၀)ဂရန်မြေကွက်ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဆွေဆွေသန်း (ဘ) ဦးမားကော် ၉/မကန(နိုင်)၀၉၇၁၈၅ က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သည့် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းများမူရင်း အထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စွာဟိန်း (စဉ်-၅၂၁၉၂)**
**အထက်တန်းရှေ့နေ**
**၁၉ လမ်း၊ ၈၀ x၈၁ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း - ၀၉-၄၄၄၀၅၆၁၀၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မလစ်အရှေ့အုပ်စု

**လေးထောင့်ကန် - ကျူရောင်းသွားလမ်း ရွှေဗောဓိမိုးကုတ်ဓမ္မရိပ်သာကျောင်းဝိုင်းအတွင်း၌**

**အများကောင်းမှု ပေါင်းစုပြီး တည်ထားကိုးကွယ်ပူဇော်လျက်ရှိသော အမြင့် (၃၄)ပေ (၉)လက်မရှိ**

# ပြည့်လုံးချမ်းသာ မရှိခဟာ လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး




**တည်ထားကိုးကွယ်ပူးဇော်နေပါ၍**

**မ, တည် အလှူရှင် မရှိသေးပါသဖြင့်**

လှူဒါန်းပူးဇော်နိုင်ပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဘုရားဒါယကာ၊ ဒါယိကာမအဖြစ် ပါဝင်လှူဒါန်းနိုင်ပါရန်

သာသနာရေးအရှည်တွေးပြီး တိုက်တွန်းနိုးဆော်အပ်ပါသည်၊

| | | |
|---|---|---|
| ၁။ | ဘုရားကျောင်းဆောင်ဆောက်လှူဒါန်းနိုင်ရန်အတွက် | ကျပ်သိန်း (၃၅၀) |
| ၂။ | ဆေးနှင့် ရွှေသက်န်းကပ်လှူနိုင်ရန်အတွက် | (၃၀)သိန်း |
| ၃။ | ဘုရားရင်ပြင်နှင့် ကြွေပြားခင်းလှူဒါန်းနိုင်ရန်အတွက် | (၃၀)သိန်း |
| ၄။ | ၁၉ လက်မရှိ မျက်လုံးတော် (၁)စုံ | (၃၄)သိန်း |
| ၅။ | လျှပ်စစ်မီးမရှိသောနေရာ (ထာဝရဆိုလာ)လျှပ်စစ်မီးအတွက် | (၂၅)သိန်း |
| ၆။ | လူတစ်ဦးလျှင် ဘိလပ်မြေ (၁)အိတ်(၄၂၀၀၀)ကျပ်ဖြင့် အလှူခံလျက်ရှိပါသည်၊ လိုအပ်လျက်ရှိသောဘိလပ်မြေ(၅၀)အိတ် | |
| ၇။ | ရေတွင်း (၁)တွင်းလိုအပ် | (၂၂)သိန်း |
| ၈။ | လိုအပ်လျက်ရှိသော အုတ် (၂၀၀၀) | (၆)သိန်း |
| ၉။ | ဘုရားမှ "စိန်" အချင်း ၂လက်မရှိ စိန်တစ်လုံးလျှင် (၉) သိန်းကျပ် လိုအပ်လျက်ရှိသော "စိန်" (၃) လုံး | (၂၇)သိန်း |

**ဆက်သွယ်လှူဒါန်းနိုင်ရန် - ရွှေဗောဓိမိုးကုတ်ဓမ္မရိပ်သာကျောင်းဆရာတော် (၀၉ ၂၆ ၂၉၃၉၅၁၅၊ ၀၉ ၆၇၆၆၄၆၆၄၃) ဦးအောင်ညွှန့်တင် ၀၉ ၄၂၅၀၁၄၀၃၀**

## ဇီဝမျိုးစုံ

## မျိုးကွဲတွေ

## ကြွယ်စေဖို့

## သဘာဝတောတွေ

## ထိန်းသိမ်းစို့

## အမည်မှန်

လင်းခေးမြို့၊ ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းစန်းညွန့်၏ အမည်မှန်မှာ ဒေါ်စန်းညွန့် ၁၃/တကန(နိုင်)၀၄၄၅၄၁ ဖြစ်ပါကြောင်း။

**ဒေါ်စန်းညွန့်**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ (ဘ)ဦးမျိုးဆွေ၏သား မောင်သန်းဇော်မျိုး ၁၃/တကန (နိုင်)၁၄၆၅၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-490656) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၂၅၃၁၅၅၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/3965 Nissan Diesel CDY5CV Truck (6x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော်ဦး ၁၀/သထန(နိုင်)၁၄၀၇၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/57031 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသုခစိုးစံ ၁/မကတ(နိုင်) ၁၆၆၆၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဟုမ္မလင်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

ဦးဗိုလ်ဗိုလ်အောင် နှင့် ၁။ ဦးမင်းကျော်
၂။ ဦးမင်းစိန်
၃။ ဒေါ်ခင်စိန်

(တရားလို) (တရားပြိုင်များ)

ရတနာစိန်မင်းကုန်စည်ပို့ဆောင်ရေး၊ အမှတ်(၇)၊ တိုက်(၁၀)၊ ယုဇနလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၃)တရားပြိုင် ဒေါ်ခင်စိန် (ယခုနေရပ်လိပ်စာမသိရှိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဗိုလ်ဗိုလ်အောင်က ပျောက်ဆုံးခဲ့သော ကုန်ပစ္စည်းများ၏ တန်ဖိုးငွေများနှင့် ကုမ္ပဏီ၏ နစ်နာမှုအတွက် လျော်ကြေးငွေ စုစုပေါင်း (၃၀၀၀၀၀၀၀၀/-) (ကျပ်သိန်းသုံးသောင်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ခရိုင်တရားသူကြီး**
**ဟုမ္မလင်းခရိုင်တရားရုံး**

## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

## လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၁(က)အရ

## HTOO MYITTAR HTOO COMPANY LIMITED

## (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

**"HTOO MYITTAR HTOO COMPANY LIMITED"**(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းတင်ပြရန်နှင့်ရှင်းလင်းပြောဆိုရန်အတွက်စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင်ပါဝင်သူများအားလုံးတက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်-

**ကျင်းပမည့်ရက်နှင့်အချိန်** - ၂၀၂၅ခုနှစ်၊ ဇွန်လ (၅)ရက်၊ နံနက် (၁၀)နာရီ
**ကျင်းပမည့်ပုံစံ** - **Online Meeting**

**ဒေါ်သန့်မြတ်ဝင်း**
**FOCUS CONSULTING GROUP LIMITED**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**HTOO MYITTAR HTOO COMPANY LIMITED**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၇၊ မြေကွက်အမှတ်-၁၂၊ လူနေရပ်ကွက်အမှတ်-၂၊ မြေပိုင်မြေအမျိုးအစားဟုခေါ်တွင်သော (၂)ရပ်ကွက်၊ သမိုင်း၊ ခနောသိဒ္ဓိလမ်း၊ အမှတ်(၄၁)၊ ဧရိယာ (၆၀ပေx၁၅ပေ) အကျယ်အဝန်းရှိ မြေကွက် (မြေကွက်ဘက်ကို မျက်နှာမူ၍ ကြည့်လျှင် ဝဲဘက်ခြမ်းမြေကွက်)မြေကွက်၏ တည်နေရာကို ဖော်ပြမည်ဆိုပါက အရှေ့လားသော်- ခနောသိဒ္ဓိလမ်း၊ အနောက်လားသော်-စည်ပင်နောက်ဖေးလမ်း၊ တောင်လားသော်- အိမ်အမှတ်(၄၃)၊ မြောက်လားသော် အိမ်အမှတ်(၃၉)တို့ကြား၌ တည်ရှိသည့် မြေကွက်(၁)ကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်ခန်းများအားလုံး၏ မြေရှင်အခွင့်အရေးခံစားခွင့်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ မြေညီထပ် (ဝဲဘက်ခြမ်း) တိုက်ခန်း(၁)ခန်း၊ ကိုယ်ပိုင်ရေမော်တာ စသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူများဖြစ်သော (၁) ဒေါ်နန်းခင်ကျော့ ၃/လဘန(နိုင်)၀၁၂၆၀၂နှင့် (၂)ဒေါ်နန်းဝင်းဝင်းချို ၁၂/လမန(နိုင်)၁၂၉၄၁၄ (အမှတ်စဉ်-၁ ကိုယ်စား တာဝန်ယူ လက်မှတ်ရေးထိုးသူ တူမ ဒေါ်နန်းဝင်းဝင်းချို ၁၂/လမန(နိုင်)၁၂၉၄၁၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသန်းရွှေ ၁၂/ဒဂတ(နိုင်)၁၁၀၃၀၅နှင့် ဒေါ်သန္တာလင်း ၁၂/မရက(နိုင်)၁၅၅၅၈၅တို့က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အပါအဝင် မြေညီထပ်တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူသို့ ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ရှိသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးသူ (LLB) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၆၂)**
**အမှတ် (၉၁)၊ ၄-လွှာ(ဘီ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၁၃၂၂၇၆**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ RAIII(ကွက်ပြင်)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၁၃၄)၊ မြေဧရိယာ၀ ဒသမ ၉၀ကေ အကျယ်အဝန်းရှိ ရောင်းချသူ(၃)ဦးပိုင် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်းပေ(၁၂၀x၂၀၀) ၊ ၀ ဒသမ၅၅ကေ အကျယ်အဝန်းရှိ ခဲစင်းပြမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်သူများဖြစ်ကြသော ဦးကျော်စိုး၊ ဒေါ်ကြူကြူဝင်း၊ ဒေါ်ရီရီဝင်း တို့မှ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကျွန်ုပ်ကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်သိန်းထွန်း(LL.B)** | **ဒေါ်သီသီအောင်(LL.B)** |
| **(စဉ်-၆၂၉၄/၁၉၉၅)** | **(စဉ်-၄၅၆၄/၁၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၆၄Aလမ်း၊ ၃၈x၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၃၀၆၁၁၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သွယ်ဝိုင်းကြီးရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၁၀၂/အေ)၊ မြေညီထပ်(ဘီ) တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိစန္ဒာအေး(၁၀/ကမရ(နိုင်)၀၆၈၄၈၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေမာစိုး (၁၂/မရက(နိုင်) ၁၄၉၃၉၅)မှ ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်ဌေးလွင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၇၇၅)
အမှတ် (၁၆)၊ ပထမထပ်၊ သမာဓိလမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉၄၂၀၁၆၃၃၂၃

## ဒေါ်တင်တင်အေး
### အထက်တန်းပြဆရာမ(ငြိမ်း)
### အထက(၁)တောင်ဥက္ကလာပ၊ အထက(၅)ဗိုလ်တထောင်
### အသက်(၈၂)နှစ်

အောင်လံမြို့၊ ကန်ကြီးရပ်နေ(ဦးဘဆိုင်-ဒေါ်မြင့်)တို့၏သမီး၊ (ဦးမင်းလွင်-ဒေါ်ကြင်မြ)၊ (ဦးတင်သိန်း-ဒေါ်တင်လှ)၊ (ဦးအောင်ကြည်)-ဒေါ်သန်းမေ၊ (ဦးလှမောင်-ဒေါ်ခင်ညွန့်)၊ (ဦးတင်ဦး-ဒေါ်ထွေး)တို့၏ညီမ၊ တူ၊ တူမ၊ မြေး၊ မြစ်တို့၏အဘွားလေး၊ ယုဇနဥယျာဉ်မြို့တော်၊ (၈၄)ရပ်ကွက်၊ တိုက်(၁၇)၊ အခန်း(၂၀၃)၊ ၁၂လမ်း(အေ)နေ (ဦးမျိုးအောင်)-ဒေါ်စိုးစိုးသိန်း၊ ဦးနေလင်း-ဒေါ် မြင့်မြင့်ခင်၊ ဦးခင်မောင်လပ်-ဒေါ်ခင်နှင်းနွယ်တို့၏ ဒေါ်လေး၊ မင်းသူရိန်လတ်၊ ဝင်းသူရိန်လတ်၊ စိုးသူရိန်လတ်၊ (ဇော်လင်းထိုက်)၊ ဖြိုးဝေလင်း၊ ခင်ဇာခြည်စိုး၊ သန်းတိုးအောင်တို့၏ ချစ်လှစွာသောအဘွား၊ တပည့်များ၏ ချစ်သောဆရာမသည် ၅-၅-၂၀၂၅ရက် (တနင်္လာနေ့) နံနက် ၂နာရီတွင် ၉၆ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၇-၅-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၇:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇန ဥယျာဉ်မြို့တော်၊ (၈၄)ရပ်ကွက်၊ ၁၂လမ်း(အေ)၊ တိုက်(၁၇)၊အခန်း(၂၀၃) နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေနဂါးဆီစက်လမ်း၊ အမှတ်(၆၁)၊ (၆)ခန်းတွဲ(၁၂)ထပ်တိုက်၏ အကျယ်အဝန်း(1460Sqft)၊ အခန်းအမှတ်(၂၀၁) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊ ရွှေနဂါးဆီစက်လမ်း၊ အမှတ်(၆၁)၊ (၆)ခန်းတွဲ(၁၂)ထပ်တိုက်၏ အကျယ်အဝန်း (1360Sqft)၊ အခန်းအမှတ်(၂၀၂) တို့ကို ကန်ထရိုက်တာ ဦးဘိုဆန်း ၉/မနမ(နိုင်)၀၆၆၆၉၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရွှေမောင်နှင့် ဒေါ်မိမွန်ခင်စန်းတို့က (၂-၅-၂၀၁၃)ရက်စွဲဖြင့် အမှတ် ၆၁၊ ရွှေနဂါး ကွန်ဒို နှစ်ဦးသဘောတူတိုက်ခန်းကြိုတင်အရောင်းအဝယ်စာချုပ်များချုပ်ဆို၍ အရစ်ကျငွေပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကွန်ဒိုတိုက်ခန်း အခန်းအမှတ်(၂၀၁)နှင့်အခန်းအမှတ်(၂၀၂) တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးရွှေမောင်နှင့် ဒေါ်အိမွန်ခင်စန်းတို့မှ သိရှိသဘောတူ ညီခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အာမခံထားခြင်းများ၊ လက်ဝယ်ထားရှိခြင်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုဝေလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၀၃)**
**အမှတ်(၁၄၆၀)၊ ယောမင်းကြီး(၄)လမ်း၊ (၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၃၆၉၂၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ကျွဲနွားထောက်ကျေးရွာအုပ်စု၊ ကျွဲနွားထောက်ကျေးရွာ၊ ကျွဲနွားထောက်ရွာမလမ်းမကြီးရှိ အရှေ့(၄၀)ပေ၊ အနောက်(၄၀)ပေ၊ တောင်(၁၁၅)ပေ၊ မြောက်(၁၁၅)ပေရှိ အရှေ့လားသော် ရွာလယ်လမ်းမ၊ အနောက်လားသော်-ဦးကျော်ရွှေ၏မြေကွက်၊ တောင်လားသော်-ဒေါ်ခင်ညွန့်၏မြေကွက်၊မြောက်လားသော် - ဒေါ်နွယ်နွယ်သင်း၏ကျန်အပိုင်း မြေကွက်စသည့်လားရာလေးရပ်အတွင်းရှိ မြေကွက်နှင့်ပတ်သက်၍ ဒေါ်နွယ်နွယ်သင်း (ဘ) ဦးသံဒိုင် ၉/မမန(နိုင်)၀၇၂၃၃မှ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြု သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါမြေကွက်အား ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစွန်ဒါးရ်(ခ)ရာဂျူး** | **ဦးထွန်းထွန်းဦး (LLB,IP Law( WIPO)** |
| **၉/မမန(နိုင်)၀၄၄၃၈၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၇၀)** |
| **ငါးရံ့ချောင်း၊ ရပ်ကွက်ကြီး(၁၉)၊** | **အမှတ်(အ-၁၅၈)၊ ငွေတော်ဝင်(၅)လမ်း၊** |
| **ပြင်ဦးလွင်မြို့၊** | **ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-09-448195500** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ရဲစုရပ်ကွက်ရှိ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၃-ခ)၊ ဧရိယာ(၀. ၃၈၀)ကေအတွင်းမှ အရှေ့ အနောက်(၁၃၅)ပေ၊ ဝင်းမြေ၏ရှေ့မျက်နှာစာ(တောင်မြောက်)(၄၇)ပေ၊ ဝင်းမြေ၏နောက်ဖေး မျက်နှာစာ(တောင်မြောက်)(၅၂)ပေ အကျယ်အဝန်းရှိသော အရှေ့လားသော်-ဇီးတောမြောင်း၊ အနောက်လားသော်တံတားဦး-ကျောက်ဆည်လမ်း၊တောင်လားသော်ဦးကျော်ဦးဆန်စက်၊မြောက်လားသော် ဦးညွန့်ဟန်နေအိမ်ဝိုင်းမြေ စသည့်နယ်လေးရပ်အတွင်းရှိဦးလှအောင်(ဇနီး) ဒေါ်ရွှေ (သမီး)ဒေါ်ခင်လှရီတို့ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင် အကျိုးခံစားခွင့် ရှိသူများဖြစ်သည့် ဦးစည်သူစိုးလင်း(ခ)ကိုနောင်ပါ(၅)ဦးတို့ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးနွေမင်းဦးနှင့် ဒေါ်ဝါဝါဝင်းတို့ ဇနီးမောင်နှံမှ စရန်ငွေအချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၁၀)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လဲ့လဲ့သင်း(LL.B)**
**အေးမြကြည်လင်ရပ်ကွက်၊ ကျောက်ဆည်မြို့**
**ဖုန်း-၀၉-၈၉၅၈၂၉၅၁၀**

## ဒေါ်မိတုံဘောက်ရာ
### အသက်(၇၂)နှစ်

ကချင်ပြည်နယ်၊ နမ္မတီးမြို့၊ မြို့သာယာရပ်ကွက်၊ အမှတ်(၇၆) နေ(ဦးမိတုံလ-ဒေါ်ဒင်ဆိုင်ယွန့်)တို့၏ ဒုတိယသမီး၊ ဒေါ်ခေါ်န်ရှောင်၏ညီမ၊ (ဒေါ်ထုလွမ်)၊ (ဒေါ်ရွယ်တောင်)၊ ဒေါ်ကိုင်ထိုင်၊ ဒေါ်ခါးနှောင့်၊ (ဒေါ်ပရီဆန့်)၊ ဒေါ်ဆိုင်းယွန်၊ ဦးနော်အောင်၊ (ဦးယောဟန်)တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဦးကျော်ဇေလင်း -ဒေါ်အက်စတာမြင့်၊ ဒေါ်ရွယ်ဂျီးတို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၁-၅-၂၀၂၅ ရက် နံနက် ၆:၁၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား သိရှိနိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇

| | | |
|---|---|---|
| ဒေါ်လှလှဌေး | နှင့် | ၁။ ဦးကျော်ဇေယျ |
| | | ၂။ ဒေါ်တာတာမိုး |
| တရားလို | | တရားပြိုင်များ |

မိတ္ထီလာမြို့နယ်၊ ရေငံကျေးရွာနေ (၁)တရားပြိုင် ဦးကျော်ဇေယျ၊ (၂)တရားပြိုင် ဒေါ်တာတာမိုး၊ ဆံပင် လုပ်ငန်း(အတူနေလင်မယား)(ယခုနေရပ် လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်လှလှဌေးက ချေးငွေ(၇၀၃၅၀၀၀၀/-)(ကျပ် သိန်းခုနစ်ဆယ်သုံးသောင်းငါးထောင်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲ ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ မေလ(၈)ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူတို့မှ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်၊ ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင်တို့မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကြိုတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ(၂၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေစင်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**သာစည်မြို့နယ်တရားရုံး**

## အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်းအများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ အမှတ်(၃) ရပ်ကွက်ရှိ အကွက်အမှတ်(၅၉)၊ ဦးပိုင်အမှတ်(၁၈၉)၊ မြေကွက်အမှတ်(၃/၇၀၆)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ အဆောက်အအုံပါ မြေကွက်နှင့်စပ်လျဉ်း၍မြေပုံ မြေရာဇဝင် ကူးယူခြင်း၊ မြေတိုင်းတာခြင်း၊ မြေခွဲစိတ်ခြင်း၊ တိုင်းခွဲ အတည်ပြု၊ မြေပုံကူးယူခြင်း၊ မြေကွက်အမည်ပြောင်းခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အဝီစိတွင်း တူးခြင်း၊ အိမ်ပုံစံတင်သွင်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ရေ၊ မီး၊ မိလ္လာသွယ်တန်းခြင်း၊ B.C.C လျှောက်ထားခြင်း၊ အမှုတွဲဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ပေါင်နှံခြင်း၊ ကျမ်းသစ္စာကျိန်ဆိုခြင်း၊ အမှားပြင်ဆင်ခြင်း၊ ပိုင်ဆိုင်ကြောင်း ကြေညာခြင်း၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းစသည့် ကိစ္စအဝဝတို့ကို ဆောင်ရွက်နိုင်ရန် ကျွန်တော် ဦးစိုင်းလုံအော်(ဘ)ဦးနန်လုံ ၁၃/ကတန(နိုင်)၀၃၈၅၉၉နှင့်ကျွန်မ ဒေါ်နန်းဖောင်းနွန်း (ဘ)ဦးနန်လုံ ၁၃/ကတန (နိုင်) ၀၃၈၆၀၀တို့မှ ဒေါ်နန်းခွန်(ဘ)ဦးစိုင်းရီတစ် ၁၃/ကတန (နိုင်)၀၉၄၈၁၁သို့ ကျိုင်းတုံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်က လွှဲအပ်ပေးထားခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၆/၂၀၁၈ နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်လုပ်ကိုင်ရန် မလိုအပ်တော့သည့်အတွက် အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း ဒေါ်နန်းခွန်နှင့်သက် ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးစိုင်းလုံအော်** | **ဒေါ်နန်းဖောင်းနွန်း** |
| **၁၃/ကတန(နိုင်) ၀၃၈၅၉၉** | **၁၃/ကတန(နိုင်) ၀၃၈၆၀၀** |

**အမှတ်(၃)ရပ်ကွက်၊ မြို့သစ်ရပ်၊ ကျိုင်းတုံမြို့**

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်မြင့်မြင့် စန်း ၁၂/ဥကတ(နိုင်)၀၅၃၁၉၆၏ Passport စာအုပ် နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၂၅၀၁၄၆၂၇၉**

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ မနှင်းသက်ဝေဦး ၁၂/ဥကတ(နိုင်) ၁၇၄၂၉၆၏ Passport စာအုပ် နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၄၂၅၂၉၀၅၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/28815 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖူးပွင့်ဝေ ၉/မကန(နိုင်)၁၂၉၄၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/49444 Johnson 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင် ၉/အမဇ(နိုင်) ၀၁၉၀၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

# ဒုဗိုလ်မှူးကြီး စည်သူ(ငြိမ်း)
## အသက်(၈၇)နှစ်

မော်လမြိုင်မြို့၊ ကောလမုကျေးရွာနေ သူကြီးဟောင်း(ဦးသွင်-ဒေါ်ပုလဲ)တို့၏သား၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်နေ ဒေါ်အမာညို၏ခင်ပွန်း၊ ဦးကျော်မင်းသူ-ဒေါ်ခင်သီတာ၊ ဒေါက်တာ ဥမ္မာသူ(ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)၊ ဦးထင်လင်းသူ-ဒေါ်ဖြိုးဖြိုးလှိုင်၊ ဒေါ်ညိုညိုသူ၊ အလယ်တန်းပြ၊ အထက(၂)၊ မင်္ဂလာဒုံတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၅-၅-၂၀၂၅ရက်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၅ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အကြောင်းပြပေးရန်ပေးသည့်အကြောင်းကြားစာ
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၆

| | | |
|---|---|---|
| ဒေါ်ခင်ဝေ | နှင့် | ၁။ ဒေါ်နွယ်ရီသန်း |
| | | ၂။ ဒေါ်မြတ်မွန် |
| (တရားလို) | | (တရားပြိုင်များ) |

မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ မဆလာကုန်းရပ်နေ (၂)တရားပြိုင် ဒေါ်မြတ်မွန်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၉(၁) အရ တရားမမှုအား ပြန်လည်ဖွင့်လှစ်ပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်းအမိန့်မချသင့် ကြောင်းအကြောင်း ပြရန် ၂၀၂၅ခုနှစ်၊ မေလ (၁၂)ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ်(၁) ရက် မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေလင်းသက်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၂/ရွှေချီ၊ ဦးပိုင်အမှတ်(၁၀၃က) ဧရိယာ(၀.၀၇၃)ကေရှိ ဦးဝင်းမြင့် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်နိုင် ၉/ပမန(နိုင်)၀၁၄၈၄၄မှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၁၀၉/၁၉၅၃)(မိတ္တူမှန်)၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၀၅၄/၂၀၂၅)၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## Facebook လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မမှန်မကန်ရေးသားသော Ella (facebook account )ပိုင်ရှင်နှင့်တကွ အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် နေထိုင်သော ဒေါ်ဇင်မာမြင့် ၁၂/မဘန(နိုင်)၁၁၄၆၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိ စေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာမြင့်သည် ကောင်းမွန်သောဂုဏ်သတင်း များနှင့်အတူ လယ်ယာသုံး စက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီတစ်ခုတွင် (Chief Operation Auditor)ရာထူးဖြင့် (၁၈)နှစ်ကျော် ရိုးသားစွာလုပ်ကိုင်နေသူ တစ်ဦးဖြစ်ပါသည်။

ယခုအခါ Facebook လူမှုကွန်ရက်စာမျက်နှာတွင် Ella အမည်ရှိသော facebook account ပိုင်ရှင် ဒေါ်ညိမ်းသူသည် ဒေါ်ဇင်မာမြင့်နှင့်အတူ ကုမ္ပဏီတစ်ခု ထဲတွင် အလုပ်လုပ်ကိုင်နေပြီး ဒေါ်ဇင်မာမြင့်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်လျက် ဒေါ်ဇင်မာမြင့်၏ အမည်၊ လိပ်စာ၊ ရာထူးတို့ကို အသုံးပြု၍ လူအများ ထင်ယောင်ထင်မှား ဖြစ်စေရန် မဟုတ်မမှန်သောစာများကို ရေးသားနေပါသည်။ အထောက်အထားများလည်းရှိပါသည်။

သို့ဖြစ်ပါ၍ Ellaအမည်ဖြင့် facebook account ဖွင့်လှစ်ထားသော ဒေါ်ညိမ်းသူ နှင့်တကွ ၎င်းအားပူးပေါင်း ကူညီအားပေးနေသူများအနေဖြင့် ဤကြေညာသည့် ရက်မှစ၍ နောက်နောင်တွင် ကျွန်ုပ်၏ မိတ်ဆွေဒေါ်ဇင်မာမြင့်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အရေးအသားများ မပြုလုပ်ရန် သတိပေးတားမြစ်ပါကြောင်းနှင့် အဆိုပါ သတိပေးတားမြစ်ခြင်းအား လိုက်နာခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက် နေပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကာယကံရှင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာမြင့် ၁၂/မဘန(နိုင်)၁၁၄၆၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းရီအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၄၃)**
**အခန်း(၃၀၇)၊ တိုက်(၄)၊ မြိုင်ဟေဝန်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၈၉၆၃၆၂၉**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ကျွန်းပေါ်ရွာနေ ဦးတင်ထွန်းအောင်၏သမီး မနှင်းစုလှိုင် ၅/ယမပ(နိုင်) ၁၃၃၆၆၀ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MD-509772 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၅၆၅၄၀၂၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့နယ်၊ အ.မ.က (နောင်ခမ်း)တွင် ဒု-မူပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ထားအိ၏ဖခင် ဦးခင်မောင်လွင် (ခ) ဦးမောင်လွင် ၉/တသန(နိုင်) ၀၄၃၄၉၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 2M/8618, HOWO, DUMP TRUCK(6x4)(L) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အီဝါ ၁၃/မဆတ(နိုင်)၀၅၅၇၄၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၁၆၈၁၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန်းနွယ် ၁၀/မလမ(နိုင်)၀၆၅၁၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ဟ/၃၈၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လင်းကြည် ၁၀/မလမ(နိုင်)၂၆၅၃၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ . . .**

❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ် ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ယနေ့ သတင်းအညွှန်း

**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၀

**အီရန်ကို တိုက်ခိုက်မည်ဆိုပါက လက်တုံ့ပြန်တိုက်ခိုက်ရန် တွန့်ဆုတ်နေမည်မဟုတ်ဟု အီရန်ကာကွယ်ရေးဝန်ကြီး အဇစ်နာဆာဇာဒေး ပြောကြား**

နိုင်ငံတကာသတင်း စာ ၁၄

**PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိ နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့၊ အကြမ်းဖက်သမားခြောက်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမားသုံးဦးအား အသေဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၂၀

**တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

မှုခင်းသတင်း စာ ၂၂

## မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ်သိန်း ၄၃၅၄ တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများအားခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၅

၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် ၇၀ လမ်းနှင့် ၇၁ လမ်းကြား၊ ၃၂(B)လမ်းရှိ (၇)လွှာတိုက်ခန်း မြေညီထပ် အခန်းအမှတ်(B-1) နေ ဒေါ်ခင်ဖြူမြင့်(၄၇)နှစ်၊ (ဘ)ဦးကိုကိုသည် ၎င်း၏နေအိမ်တိုက်ခန်းအတွင်းရှိ အထပ်ခိုးပေါ်၌ သိမ်းဆည်းထားသည့် ပီနံအိတ်အတွင်း ထည့်ထားသော ငွေကျပ်သိန်း ၂၀၀၀ နှင့် ကျောပိုးအိတ်အတွင်း ထည့်ထားသော ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၂၃၅၄ သိန်း စုစုပေါင်းငွေနှင့် ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၄၃၅၄ သိန်းမှာ

*စာမျက်နှာ ၁၃ ကော်လံ ၁ ➔*



ပြစ်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိစဉ်။




## ဖောင်လာ၏ ချေပဂိုးကြောင့် ဘိုလော့ဂ်နာကို သရေကျခဲ့သည့် နာမည်ကြီး ဂျူဗင်တပ်စ်

အီတလီစီးရီးအေပွဲစဉ် (၃၅) မှ စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ဘိုလော့ဂ်နာနှင့် ဂျူဗင်တပ်စ်အသင်းပွဲစဉ်ကို မေ ၅ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အရေးပါသည့် ပွဲစဉ်ဖြစ်သောကြောင့် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ နာမည်ကြီး ဂျူဗင်တပ်စ်အသင်းထက် အိမ်ရှင်ဘိုလော့ဂ်နာအသင်းက ပိုကောင်းသည့် ကစားဟန်ဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်။

ဦးဆောင်ဂိုးကို ဂျူဗင်တပ်စ်အသင်းကရရှိခဲ့ပြီး ပွဲကစားချိန်ကိုးမိနစ်တွင် သူရမ်ယူလင်းက သွင်းယူပေးခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည်

*စာမျက်နှာ ၁၃ ကော်လံ ၅ ❖*